**Assistance Association for Political Prisoners (AAPP)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

No.(75), 33 Extension Ward, Oakthaphayar Street, Dagon Myothit (North), Yangon, Myanmar
E-mail: info@aappb.org Website: www.aappb.org

# ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ၊ လစဉ်အစီရင်ခံစာ

**၅၈၄**
နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံထားရသူ နှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း

**၁၉၃**
ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသူ

**၃၆**
ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော နိုင်ငံရေးအကျဉ်းသား

**၃၅၅**
ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသူ



ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြ၍ တရားစွဲဆိုပြစ်ဒဏ် ချမှတ်ခြင်းခံထားရသည့် ကျောင်းသားများ (ဓာတ်ပုံ – ကောင်းဇော်ဟိန်း – MPA)

# မာတိကာ


| | |
|---|---|
| တစ်လအတွင်းသုံးသပ်ချက် | 3 |
| နိုင်ငံရေးအကျဉ်းသားများ | 7 |
| ဖမ်းဆီးခံရခြင်းများ | 7 |
| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖမ်းဆီးမှုများ | 10 |
| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ လွတ်မြောက်မှုများ | 11 |
| တရားစွဲဆိုခံရခြင်းများ | 12 |
| တရားရင်ဆိုင်ရခြင်းများ | 16 |
| ပြစ်ဒဏ်ချမှတ်ခံရခြင်းများ | 17 |
| နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ | 18 |
| အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links | 24 |

# ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ

# တစ်လအတွင်းသုံးသပ်ချက်

| | | | |
|---|---|---|---|
| ၁၄၂ | ဖမ်းဆီး | ၂၅ | တရားစွဲဆို |
| ၁၂ | ပြစ်ဒဏ်ချမှတ် | ၁၁၁ | ထောင်မှလွတ်မြောက် |
| ၁၁ | တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှဖမ်းဆီး | ၈ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထံမှ လွတ်မြောက် |
| ၃ | ကျန်းမာရေးမကောင်းသော နိုင်ငံရေးအကျဉ်းသားများ | | |

## တစ်လအတွင်းသုံးသပ်ချက်

အောက်တိုဘာလအတွင်း စုစုပေါင်း (၂၅) ဦး အမှုဖွင့်၊ တရားစွဲဆိုခြင်းခံခဲ့ရသည်။ ထို (၂၅) ဦးအနက်မှ ရခိုင်ပြည်နယ်၊ တောင်ကုတ်၊ စစ်တွေ၊ ကျောက်တော် နှင့် အမ်းမြို့နယ်တို့မှ အရပ်သား (၁၅) ဦး နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး (၁)ဦးသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)(ည)၊ ၅၂(က)(ဈ) တို့ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ရှေ့နေဟောင်း (၁) ဦးသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း၊ စစ်တွေမြို့မှ ကျောင်းသား (၄) ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် လည်းကောင်း၊ မန္တလေးမြို့မှ ကျောင်းသား (၂) ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)(ခ)၊ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေ ပုဒ်မ ၁၉ ဖြင့် လည်းကောင်း၊ တပ်မိသားစုဝင် မိန်းကလေး (၁) ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စည်းရုံးရေးမှူး (၁) ဦး သည် ရာဇသတ်ကြီးပုဒ်မ ၁၇၀၊ ၃၅၆ ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်၊တရားစွဲဆိုခြင်းကိုခံခဲ့ရသည်။

အောက်တိုဘာလအတွင်း တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့မှ အရပ်သားနှင့် ကျောင်းသားများအပါအဝင် စုစုပေါင်း (၁၄၂) ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို (၁၄၂) ဦးအနက်မှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ကျောင်းသား (၄) ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်၊ အမ်းနှင့် စစ်တွေ မြို့နယ်များမှ အရပ်သား (၁၂) ဦး နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး (၁) ဦးသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၂(က)(ဈ) တို့ဖြင့် လည်းကောင်း၊ တပ်မိသားစုဝင် မိန်းကလေး (၁) ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စည်းရုံးရေးမှူး (၁) ဦး သည် ရာဇသတ်ကြီးပုဒ်မ ၁၇၀၊ ၃၅၆ ဖြင့် လည်းကောင်း ဖမ်းဆီးခြင်းခံခဲ့ကြရသည်။ ကျန်အစိုးရဝန်ထမ်း (၁) ဦးအပါအဝင် အရပ်သား (၁၂၂) ဦးသည် ရက္ခိုင့်တပ်တော် (AA) နှင့် ဆက်နွယ်မှုသံသယဖြင့် ဖမ်းဆီးခြင်းခံခဲ့ကြရပြီး ၎င်းတို့သည် ရခိုင်ပြည်နယ်၊ စစ်တွေ၊ မင်းပြား၊ တောင်ကုတ်၊ ကျောက်တော်၊ ဘူးသီးတောင်၊ အမ်း၊ မြောက်ဦးမြို့နယ်များနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့မှ ဖြစ်ကြသည်။၎င်းအပြင် ရခိုင်အရေးနှင့်ဆက်နွယ်၍ ဆန္ဒထုတ်ဖော်ခဲ့သော ကျောင်းသားများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ ဗကသကျောင်းသားဟောင်း (၁) ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အောက်တိုဘာလအတွင်း စုစုပေါင်း (၁၂) ဦး ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသည်။ ထို (၁၂) ဦးအနက်မှ တက်ကြွလှုပ်ရှားသူ (၂) ဦး နှင့် ကျောင်းသား (၉) ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)(ခ)၊ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းစုစီ ဥပဒေ ပုဒ်မ ၁၉ ဖြင့် လည်းကောင်း၊ ရဲတပ်သား (၁) ဦးသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၂(က) တို့ဖြင့် လည်းကောင်း ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

အောက်တိုဘာလအတွင်း စုစုပေါင်း (၁၁၁) ဦး လွတ်မြောက်ခဲ့သည်။ ထို(၁၁၁) ဦးအနက်မှ တက်ကြွလှုပ်ရှားသူ (၁) ဦး နှင့် လယ်သမား (၆) ဦးတို့သည် လွတ်ရက်စေ့သဖြင့် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့ခြင်းဖြစ်ပြီး ကျန်ဗကသ ကျောင်းသား (၁) ဦးသည် ရခိုင့်အရေးနှင့်ဆက်နွယ်၍ ဆန္ဒထုတ်ဖော်ခဲ့သော ကျောင်းသားများနှင့်ပတ်သက်၍ မေးမြန်းစစ်ဆေး ခြင်းခံခဲ့ရပြီးနောက် ပြန်လည် လွတ်မြောက်လာခဲ့ခြင်းဖြစ်ကာ ကျန် အရပ်သား (၁၀၃) ဦးသည် ရခိုင်ပြည်နယ်၊ တောင်ကုတ်၊ ကျောက်တော်၊ ဘူးသီးတောင်၊ အမ်း နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့မှဖြစ်ကာ ရက္ခိုင့်တပ်တော် (AA) နှင့် ဆက်နွယ်မှုသံသယဖြင့် တပ်မတော်၏ဖမ်းဆီးစစ်ဆေးခြင်းကိုခံခဲ့ရပြီးနောက် ပြန်လည် လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အောက်တိုဘာလအတွင်း ရက္ခိုင့်တပ်တော်(AA)မှ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်း (၃) ဦး နှင့် အရပ်သား (၃) ဦး၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အရပ်သား (၃) ဦး နှင့် ကျောင်းအုပ်ဆရာ (၁) ဦး နှင့် အမည်မသိလက်နက်ကိုင်အဖွဲ့မှ အရပ်သား (၁) ဦးတို့ကို ဖမ်းဆီးခဲ့သည်။

၎င်းပြင် အောက်တိုဘာလအတွင်း ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ အရပ်သား (၂) ဦး၊ ရက္ခိုင့်တပ်တော်(AA)မှ အရပ်သား (၁) ဦး၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)မှ အရပ်သား (၃) ဦး၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အရပ်သား (၁) ဦးနှင့် အမည်မသိလက်နက်ကိုင်အဖွဲ့မှ အရပ်သား (၁) ဦးတို့ကို ပြန်လည် လွှတ်ပေးခဲ့သည်။

**လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အနေဖြင့်** ထိုအခွင့်အရေးနယ်ပယ်သည် လွန်စွာထိခိုက်လွယ်သော အခြေအနေကို ကျဆင်းလာခဲ့ပြီဖြစ်သည်။ ထိုအခြင်းအရာသည် အသွင်ကူးပြောင်းရေးကဏ္ဍတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ ထည့်သွင်းလုပ်ဆောင်ပေးခြင်းမရှိသည်ကို ထင်သာစွာ ပြသလျက်ရှိသည်။ အထူးသဖြင့် ကိုဗစ်-၁၉ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားလျက်ရှိစဉ်ကာလအတွင်း အကျဉ်းထောင်များ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများ ကို တိုးမြှင့်လုပ်ဆောင်ရမည့်အစား ဆန္ဒထုတ်ဖော်သူများကို ဖမ်းဆီး၊တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်လျက်ရှိခြင်းသည် လွတ်လပ် စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မည်မျှအထိ အတိမ်းအစောင်းမခံဘဲ ထိန်းချုပ်ကန့်သတ်ထားသည်ဟု သုံးသပ်ရပါသည်။ အောက်တိုဘာလတစ်လအတွင်းဖြစ်ပွားခဲ့သော အောက်ပါဖြစ်စဉ်များကိုကြည့်ခြင်းအားဖြင့်လည်း တွေ့မြင်နိုင်ပါသည်။

အောက်တိုဘာလအတွင်းတွင် ရခိုင်ပြည် ကျောင်းသားသမဂ္ဂမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုကျော်နိုင်ဌေး၊ တွဲဘက် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုဦးသန်းနိုင်၊ ကျောင်းသားများသမဂ္ဂ-ကျောက်ဖြူပညာရေးကောလိပ်-တွဲဖက် အတွင်းရေးမှူး ကိုမြတ်စိုးဝင်းနှင့် ရခိုင်ကျောင်းသားများသမဂ္ဂ-တက္ကသိုလ်များရန်ကုန် အဖွဲ့ဝင် ကိုကောင်းထွန်းတို့သည် ဖမ်းဆီးခြင်းခံခဲ့ရပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ထို့ပြင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်(ဗကသ) မှ ကိုကျော်သီဟရဲကျော်၊ ကိုးစိုးလှနိုင်တို့သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)(ခ)၊ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ(ငြိမ်းစုစီ) ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် (၇) နှစ် (၂) လ ပြစ်ဒဏ်ချမှတ်

ခြင်းခံခဲ့ရပြီး ရတနာပုံကျောင်းသားများသမဂ္ဂမှ ကိုရဲရင့်အောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)၊ ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ တို့ဖြင့် ထောင်ဒဏ် (၂) နှစ်နှင့် (၂) လ ချမှတ်ခြင်းခံခဲ့ရသည်အပြင် ကျန်ဗကသကျောင်းသား ခြောက်ဦးသည်လည်း ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ် (၁) နှစ်၊ အဆိုပါကျောင်းသား ခြောက်ဦးအနက်မှ ငါးဦးသည် ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ ဖြင့် (၁) လ ချမှတ်ခြင်းခံခဲ့ရသည်။

၎င်းပြင် အလုပ်သမားအရေးလှုပ်ရှားသည့် ပဲခူးမြို့ခံ တက်ကြွလှုပ်ရှားသူ ကိုလေးနိုင်နှင့် ပြည်သူ့ပါတီမှ ရှေ့နေကိုကျော်နိုင်ဝင်း (ခ) စောကျော်နိုင်ဝင်းတို့သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ် နှစ် နှစ် ချမှတ်ခြင်းခံခဲ့ရသည်။

လူ့အခွင့်အရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုပင်လျှင် အခြေခံခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိလျှင် အခြားသော အခြေခံအခွင့်အရေးများသည်လည်း ယိမ်းယိုင်လျက်ရှိနေဦးမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများပြုလုပ်လိုလျှင် အခြေခံအခွင့်အရေးများကို ခိုင်မာအောင် တည်ဆောက်ရန်မှာ လွန်စွာ အရေးကြီးပါသည်။ ထို့ကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား အခြေခံအခွင့်အရေးတစ်ခုအဖြစ်သတ်မှတ်၍ ဖော်ဆောင်မှုပြုပေးပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ ထပ်မံ၍ တိုက်တွန်းအပ်ပါသည်။

**တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသောပဋိပက္ခများအနေဖြင့်** ရခိုင်ပြည်နယ်တွင် တပ်မတော် နှင့် ရက္ခိုင့်တပ်တော်(AA)တို့ကြား လက်နက်ကိုင်တိုက်ပွဲများ ပို၍ ပြင်းထန်လာပြီး ထိုဒေသများတွင်နေထိုင်ကြသော ဌာနေ တိုင်းရင်းသားများသည် နှစ်ဘက်လက်နက်ကိုင်တပ်ဖွဲ့များ၏ အာရုံစိုက်ရာပစ်မှတ်သဖွယ်ဖြစ်နေသည်ကို တွေ့ရှိရသည်။ သံသယဖြင့် ဖမ်းဆီးမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ လျော့ကျသွားခြင်းမရှိသည့်အပြင် အဆုံး၌ တရားစွဲဆိုခြင်းကိုပါ ရင်ဆိုင် ခံစားနေကြရသည်။

အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များအနက် အထူးအလေးပေး၍ ဖော်ပြလိုသည့် ဖြစ်စဉ်များကို အောက်တွင် ထုတ်နုတ်ဖော်ပြထားပါသည်။

- တပ်မတော်စစ်ကြောင်းတစ်ခုမှ လမ်းပြအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားစဉ် တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ခေါ်ဆောင်သွားခဲ့သော ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှ စံညွှင်းဝေကျေးရွာအုပ်စုမှ ရွာသား ၁၅ ဦးအနက် အသက် ၁၂ နှစ်အရွယ် အာယာတုလ္လာ နှင့် အသက် ၁၀ နှစ်အရွယ် အာနိုဝါရ်ဟူဆောန် တို့သည် ကျည်ထိမှန်၍ သေဆုံး သွားခဲ့ ပြီး ကျန်ရွာသား တစ်ဦးသည် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ခြင်း
- ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဒါးလက်ရွာဟောင်းမှ လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာရရှိခဲ့သည့် ငါးဖမ်းသမား နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးစိန်ဝင်းမောင်သည် အချိန်မီဆေးကုသခွင့်မရှိသောကြောင့် တစ်ရက် အကြာတွင် သေဆုံးသွားခဲ့ပြီး ကျန်တစ်ဦးဖြစ်သူ ဦးသိန်းမြင့်သည် ခြေသလုံးအောက်ပိုင်းကို ဖြတ်ရမည့်အခြေအနေသို့ ရောက်ရှိနေခြင်း
- ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရုပ်သားကျေးရွာမှ ဦးမောင်ကျော်သန်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သိန်းတန်ကျေးရွာမှ ဦးကျော်မောင် နှင့် ဦးဝင်းငွေ၊ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ စနဲကျေးရွာမှ ဦးမောင်သန်းတင် တို့သည် စစ်ကြောရေးကာလအတွင်း ရိုက်နှက်၍ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ရခြင်း၊ ၎င်းပြင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဦးစိုးတင့်ရပ်ကွက်တွင်နေထိုင်ကြသည့် ဦးမောင်ကြီး၊ ဦးကျော်မင်းစိုး နှင့် ဦးမောင်မောင်ဦး တို့ကို တပ်မတော်စစ်ကြောင်းမှ တစ်လမ်းလုံး ရိုက်နှက်၍ ဖမ်းဆီးခေါ်ဆောင်သွားခြင်း
- ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ဇီးတောတောရစစ်ဘေးရှောင်စခန်းတွင် စစ်ဘေးရှောင်များအရေးကို ကူညီပေးနေသည့် စစ်တွေမြို့၊ အလိုတော်ပြည့်ကျောင်းမှ ဦးပညာသာမိ၊ စစ်ဘေးဒုက္ခသည်များဖြစ်ကြသည့် ကိုနေဆန်းဦး၊ န၀မတန်းတက်ရောက်မည့် အသက် ၁၇ နှစ် အရွယ် မောင်သန်းဝင်း နှင့် အဌမတန်း တက်ရောက်မည့် အသက် ၁၆ နှစ်အရွယ် မောင်ကျော်ဇော်လှ တို့သည် တပ်မတော်စစ်ကြောင်းတစ်ခု၏ ဖမ်းဆီးခြင်းကိုခံထားရခြင်း
- ရက္ခိုင့်တပ်တော်(AA)ကို သတင်းပို့သည်ဟု စွပ်စွဲခြင်းခံထားရသော ရဲတပ်သား ကိုရဲကိုနိုင်သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် ထောင်ဒဏ် သုံးနှစ် ချမှတ်ခံထားရခြင်း

## ပစ်ခတ်မှုကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ

- ရခိုင်ပြည်နယ်၊ ရသေ့တောင်၊ မင်းပြား၊ ဘူးသီးတောင် နှင့် စစ်တွေမြို့နယ်များတွင် ပစ်ခတ်မှုများကြောင့် **ကလေး နှစ်ဦး** အပါအဝင် အရပ်သား **ခြောက်ဦး သေဆုံးခဲ့ပြီး** အရပ်သား **ခြောက်ဦး** ထိခိုက် ဒဏ်ရာ ရရှိခဲ့သည်။
- ရှမ်းပြည်နယ်၊ မုန်းပန်မြို့နယ်တွင် ပစ်ခတ်မှုကြောင့် အစိုးရဝန်ထမ်း **နှစ်ဦး** ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

## လက်နက်ကြီးကျည် ကျရောက်မှုကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ

- ရခိုင်ပြည်နယ်၊ မင်းပြား၊ ပေါက်တော၊ ရသေ့တောင်၊ အမ်း၊ ကျောက်တော်၊ နှင့် မြောက်ဦးမြို့နယ်တို့တွင် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုများကြောင့် ကလေးငယ် **တစ်ဦး** အပါအဝင် အရပ်သား **လေးဦး** သေဆုံး ခဲ့ပြီး ကလေးငယ် **ခြောက်ဦး** အပါအဝင် အရပ်သား **၂၃ ဦး** ထိခိုက် ဒဏ်ရာရရှိခဲ့သည်။
- ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သောကြောင့် အရပ်သား နှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

## မြေမြှုပ်မိုင်း ပေါက်ကွဲခဲ့ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ

- ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်း၊ မင်းပြား နှင့် ကျောက်တော်မြို့နယ်တို့တွင် မြေမြှုပ်မိုင်း ပေါက်ကွဲခဲ့ခြင်းကြောင့် အရပ်သား **နှစ်ဦး** သေဆုံးခဲ့ပြီး **လေးဦး** ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များသည် ရခိုင်ဒေသအတွင်း အထူးစိုးရိမ်ဖွယ်ရာ အခြေအနေများဖြစ်သည်။ ထို့ပြင် ကလေးသူငယ်များသည်လည်း ထိုပဋိပက္ခများကြားကျရောက်လျက်ရှိသည်ကို အထက်ပါဖြစ်စဉ်တချို့မှ ထပ်ဟပ်ပြလျက်ရှိသည်။ မြန်မာနိုင်ငံ သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)ကို လက်မှတ်ရေးထိုးပြီးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ကလေးသူငယ်များ၏ လုံခြုံခွင့်နှင့် ရှင်သန်ရပ်တည်ခွင့်ကို အကာအကွယ်ပေးရမည် ဖြစ်သည့်အပြင် အရေးပေါ်အခြေအနေနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်းကျရောက်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များကို ကာကွယ်ရေးကြေငြာချက်အတိုင်းလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော်လည်း နှစ်နှစ်နီးပါးကြာခဲ့ပြီဖြစ်သော ရခိုင်ဒေသအတွင်း လက်နက်ကိုင်ပဋိပက္ခများကြား၌ အမျိုးသမီးများ၊ ကလေးသူငယ်များအပါအဝင် ဌာနေတိုင်းရင်းသားများ အားလုံးအတွက် ငြိမ်းချမ်းရေးလမ်းစသည် အလှမ်းဝေးနေဆဲဖြစ်ပြီး တရားမျှတမှုဆိုသည်မှာ ဝေဝါးစွာရှိနေဆဲဖြစ်သည်။

အောက်တိုဘာလ ၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့ဖြစ်သည်။ အကြမ်းဖက်မှုကို ဆန့်ကျင်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုအသုံးပြုခြင်းအား ဆန့်ကျင်၍ လူမှုရေး သို့မဟုတ် နိုင်ငံရေးပြောင်းလဲမှုကို ရရှိစေရန်အတွက် ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ၏အကျိုးဆက်ကြောင့် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများကို ဆန့်ကျင်၍ ငြိမ်းချမ်းရေးဖြစ်စဉ်ကို နိုင်ငံရေးနည်းအရ ဖြေရှင်းပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ တိုက်တွန်းအပ်ပါသည်။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဖမ်းဆီးမှုများသည်လည်း ပြည်တွင်းပဋိပက္ခများကို ပို၍ ဆိုးရွားလာစေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဟန့်အတားဖြစ်စေသည်။ မည်သည့်လက်နက်ကိုင်အဖွဲ့မှ ကျူးလွန်သည်ဖြစ်စေ နိုင်ငံသားများကို အကာအကွယ်ပေးရန်ပျက်ကွက်ခြင်းသည် နိုင်ငံသားများ၏ လုံခြုံခွင့်နှင့် လွတ်လပ်ခွင့်တို့ကို လျစ်လျူရှုခြင်း ဖြစ်သည်။ အောက်တိုဘာလအတွင်းတွင် ရက္ခိုင့်တပ်တော် (AA) မှ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ်နီနီမေမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ်ချစ်ချစ်ချောနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမင်းအောင်တို့သုံးဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများကို ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး "မည်သည့် ပါတီ၏ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများကိုမဆို တရားလက်လွတ် ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီး ချုပ်နှောင်ခြင်းသည် ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ရာ ရောက်သည့်အပြင် ရွေးကောက်ပွဲ၏ လွတ်လပ်တရားမျှတမှုကို ထိခိုက်စေသည်ဟု ရှုမြင်သည်" ဟု ဖော်ပြထားသည်။ ထို့ကြောင့် အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးအား ဘေးကင်းလုံခြုံစွာဖြင့် အမြန်ဆုံးပြန်လည် လွှတ်ပေးပါရန် ထပ်မံ၍ အလေးအနက် တိုက်တွန်းတောင်းဆိုအပ်ပါသည်။

**နိုင်ငံသားအခွင့်အရေးဆုံးရှုံးခြင်းများတွင်** မဲပေးပိုင်ခွင့်ဆုံးရှုံးခြင်းသည်လည်း နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကို ကန့်သတ်ရာ ရောက်သည်ကို ညွှန်းဆိုပြနေသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိခြင်းကြောင့်ဟု

ဆိုကာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်တချို့တွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အောက်တိုဘာလ အတွင်းတွင် ကြေညာခဲ့သည်။ လူတိုင်း လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရရှိရေးသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရနှင့် စံနှုန်းတစ်ခု ဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ဆန္ဒမဲများသည် ထိုနိုင်ငံသားအတွက် ရွေးချယ်ပိုင်ခွင့် ဖြစ်သလိုတိုင်းပြည်၏အနာဂတ်ကို ပုံဖော်ရန်နှင့် သာ၍ကောင်းမွန်သော အစိုးရတစ်ရပ်ဖြစ်လာစေရန်အတွက်လည်း လွန်စွာအရေးကြီးသည်။ ထို့ကြောင့် အဆိုပါနယ်မြေများတွင် ဆန္ဒမဲပေးပိုင်ခွင့်များရရှိရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည် သုံးသပ်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

**နိုင်ငံသားများအားဖိနှိပ်ခြင်းများ**ကို အောက်တိုဘာလအတွင်း၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်တစ်ခုမှလည်း သိသာ ထင်ရှားစွာ ထုတ်ဖော်ပြလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ ဗကသကျောင်းသားဟောင်း ကိုကောင်းဝဏ္ဏမင်းကိုသည် အရပ်ဝတ် ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင် လေးဦး၏ လက်နောက်ပြန်ချုပ်နှောင်၍ နောက်ပြန် လက်ထိတ်ခတ်ကာ ခေါင်းကို အဝတ်ဖြင့်စွတ်၍ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသည်။ ၎င်းကို ရခိုင့်အရေးနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားခြင်းကိစ္စ၊ ရခိုင့်အရေးနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်ကြသော ကျောင်းသားများအကြောင်း စသည်တို့ကို မေးမြန်းစစ်ဆေးခဲ့ပြီးနောက် ခေါင်းကိုအဝတ်ဖြင့်စွတ်၍ မူလ နေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းသိရှိရ သည်။ ထိုကဲ့သို့သော အခြင်းအရာသည် စစ်အာဏာရှင်များလက်ထက်၌ ကျင့်သုံးခဲ့သော နည်းပရိယာယ်တစ်ခုဖြစ်ပြီး လူတစ်ဦး၏ ဂုဏ်သိက္ခာရှိစွာ ရှင်သန်နေထိုင်ခွင့်ကို ချိုးနှိမ်ခြင်းဖြစ်သည်။ ထို့ပြင် ကျူးလွန်ခြင်းကိုခံခဲ့ရသူအတွက် ထိခိုက် နစ်နာမှုများစွာကို ဖြစ်စေသည်။ အထက်ပါနည်းလမ်းကို ယနေ့အချိန်ကာလထိတိုင်အောင် ကျင့်သုံးလျက်ရှိခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ်ပြီး နောင်တွင် အလားတူသောဖြစ်စဉ်မျိုး ဖြစ်ပွားမှုမရှိစေရန်အတွက် ထိရောက်စွာ အရေးယူဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

## ဖမ်းဆီးခံရခြင်းများ

### တပ်မတော်စစ်ကြောင်းတစ်ခုမှ စစ်တွေမြို့နယ်မှ ရွာသားနှစ်ဦးကို ဖမ်းဆီး

အောက်တိုဘာလ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ခမရ ၃၅၃ တပ်ရင်းမှ တပ်မတော်သားအင်အား ၅၀ ခန့် သည် သိန်းတန်ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ရွာသား နှစ်ဦးအား စစ်ဆေးမေးမြန်းရန်ရှိသည်ဟုဆိုကာ ဖမ်းဆီး သွားခဲ့သည်။

# နိုင်ငံရေးအကျဉ်းသားများ

ဖမ်းဆီးခြင်းခံထားရသည့် ရွာသား နှစ်ဦးမှာ ဦးကျော်မောင် နှင့် ဦးဝင်းဌေးတို့ဖြစ်ကြသည်။ ဦးကျော်မောင်သည် သုံးဘီးဆိုင်ကယ် မောင်းနေသူတစ်ဦးဖြစ်ပြီး ဦးဝင်းဌေးသည် လက်သမားအလုပ်ကို လုပ်ကိုင်နေသူဖြစ်ကာ ရိုးသားစွာ လုပ်ကိုင် စားသောက်နေသူများဖြစ်သည်ဟု သိရှိရသည်။ ၎င်းတို့ နှစ်ဦးသည် စစ်တွေမြို့ အမှတ် (၂) ရဲစခန်း၌ ထိန်းသိမ်းခြင်း ခံထားရသည်။

အဆိုပါသိန်းတန်းကျေးရွာသား နှစ်ဦးသည် ရက္ခိုင့်တပ်တော်(AA) အဖွဲ့ကို ဆက်ကြေးနှင့် ရိက္ခာများ ကောက်ခံပြီး ပို့ဆောင် နေသူများဖြစ်ကြောင်း၊ အထောက်အထားများနှင့်ဖမ်းဆီးရမိခဲ့ကြောင်းကို အောက်တိုဘာလ ၄ ရက်နေ့တွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

### တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့မှ အရပ်သား သုံးဦးကို ဖမ်းဆီးခေါ်ဆောင်

အောက်တိုဘာလ ၅ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဦးစိုးတင့်ရပ်ကွက်တွင် နေထိုင် သည့် အရပ်သားသုံးဦးဖြစ်ကြသော ဦးမောင်ကြီး၊ ဦးကျော်မင်းစိုး နှင့် ဦးမောင်မောင်ဦး တို့ကို ဖမ်းဆီး၊ ခေါ်ဆောင်သွား ခဲ့သည်။ ၎င်းတို့ သုံးဦးသည် မိသားစုစားဝတ်နေရေး အခက်အခဲများကြောင့် ဖားရှာစားနေသူများ ဖြစ်ကြပြီး ဖားရှာရန် သွားစဉ်

ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့သုံးဦးကို တစ်လမ်းလုံး ရိုက်နှက်ခေါ်ဆောင်သွားသည်ဟု ဒေသခံ တစ်ဦးဖြစ်သူ ဦးရခိုင်ကြီးမှ ပြောကြားခဲ့သည်။

## တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျေးရွာအတွင်းကိုဝင်ရောက်၍ အမ်းမြို့နယ်မှ ရွာသား ကိုးဦးအား ဖမ်းဆီးခေါ်ဆောင်

အောက်တိုဘာလ ၁၀ ရက်နေ့ နှင့် အောက်တိုဘာလ ၁၁ ရက်နေ့တို့တွင် တပ်မတော်စစ်ကြောင်းတစ်ခုသည် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ စနဲကျေးရွာအတွင်းကို ဝင်ရောက်လာခဲ့ပြီး ကျေးရွာသားကိုးဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခြင်း ခံထားရသူများမှာ ဦးမောင်သန်းတင်၊ ဦးညီပု၊ မောင်မြင့်စိုးနိုင်၊ ကိုဇော်လတ်၊ ကိုငပျောကြီး၊ ဦးစိုးလွင်၊ ဦးမောင်ကဲ၊ ကိုမောင်သန်းမြင့်နှင့် ကိုမောင်သန်းရွှေတို့ဖြစ်ကြသည်။

အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကိုမောင်သန်းရွှေနှင့် ဦးမောင်ကဲတို့ နှစ်ဦးသည် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဖမ်းဆီးခံရစဉ်က ရိုက်နှက်ခြင်းခံထားရသည့်အတွက် ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိနေပြီး ဆေးကုသမှုခံယူရန် လိုအပ်လျက်ရှိသည်ဟု သိရှိရသည်။ ၎င်းတို့နှစ်ဦးလွတ်မြောက်လာခဲ့ပြီးနောက် ကိုဇော်လတ် နှင့် ကိုငပျောကြီးတို့ ထပ်မံ လွတ်မြောက်လာခဲ့သည်။

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဆက်လက်ဖမ်းဆီးခြင်းခံထားရသူ ငါးဦးအနက်မှ ဦးညီပု၊ ဦးမောင်သန်းတင် နှင့် ကိုမောင်သန်းမြင့် တို့ကို ရုံးထုတ်လာခဲ့သော်လည်း မောင်မြင့်စိုးနိုင် နှင့် ဦးစိုးလွင်တို့မှာမူ တရားရုံးထုတ်ရာတွင် ပါဝင်လာခြင်းမရှိပါ။ ဦးမောင်သန်းတင်၏ သမီးဖြစ်သူ ဒေါ်ဦးယဉ်သန်းမှ သူမ၏ဖခင်ဖြစ်သူသည် စစ်ကြောရေးဒဏ်ကြောင့် စိတ်ဖောက်ပြန်သွားပြီး နာမကျန်းဖြစ်နေသည်ဟု သိရှိရသဖြင့် ဆေးကုသခွင့်ရရှိလိုသည်ဟု ပြောကြားခဲ့သည်။

## တပ်မတော်စစ်ကြောင်းတစ်ခုမှ စစ်တွေမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုမှ သံဃာတော်တစ်ပါးနှင့် လူငယ် သုံးဦးကို ဖမ်းဆီး

အောက်တိုဘာလ ၁၃ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ဇီးတောတောရ ဘုန်းတော်ကြီးကျောင်း၊ စစ်ဘေးရှောင်စခန်းတွင်နေထိုင်ကြသည့် စစ်တွေမြို့၊ အလိုတော်ပြည့်ကျောင်းမှ ဦးပညာသာမိ၊ စစ်ဘေးဒုက္ခသည်များဖြစ်ကြသည့် ပလက်ဝမြို့နယ်၊ သူငွေးကုန်းကျေးရွာမှ ကိုနေဆန်းဦး၊ အသက် ၁၇ နှစ်အရွယ် မောင်သန်းဝင်း နှင့် အသက် ၁၆ နှစ်အရွယ် မောင်ကျော်ဇောလှ တို့ကို ဖမ်းဆီးသွားခဲ့သည်။ ၎င်းတို့ သုံးဦးသည် မြို့မှ ပြန်လာမည့် ကျောင်းထိုင်ဆရာတော်အား စောင့်ကြိုရန်သွားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ဖမ်းဆီးခြင်းခံရသူများအနက် ဦးပညာသာမိသည် ဇီးတောတောရစစ်ဘေးရှောင်စခန်းတွင် စစ်ဘေးရှောင်များအရေးကို ကူညီပေးနေသူဖြစ်သည်။ ကျန်သည့် လူငယ်သုံးဦးအနက် မောင်သန်းဝင်းမှာ နဝမတန်းတက်ရောက်မည့်သူဖြစ်ပြီး မောင်ကျော်ဇောလှသည် အဋ္ဌမတန်း တက်ရောက်မည့်သူဖြစ် သည်။ ကိုနေဆန်းဦးမှာ လက်လုပ်လက်စား လုပ်ကိုင်နေသည့် လူငယ်တစ်ဦးဖြစ်သည်။

## မြောက်ဦးတွင် FDA ဝန်ထမ်း တစ်ဦးကို ဖမ်းဆီး

အောက်တိုဘာလ ၁၄ ရက်နေ့၊ ည ၉ နာရီကျော်အချိန်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် နေထိုင်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ဝန်ထမ်း ကိုဦးကျော်တင်ကို မြို့ဝင်ကားဂိတ်၊ ငွေတောင်ပေါက်တံတားတွင် ဖမ်းဆီးခဲ့သည်။ ၎င်းသည် မြောက်ဦးကားဂိတ်ဘက်မှ ၎င်းနေထိုင်ရာ လက်ကောင်ဈေး ရပ်ကွက်သို့ ဆိုင်ကယ်ဖြင့် လာရောက်စဉ် လမ်းတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ကိုဦးကျော်တင်ကို လက်ရှိတွင် မြောက်ဦး မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး မည့်သည့် ပုဒ်မနှင့် အရေးယူမည်ကို သိရှိရခြင်းမရှိသေးကြောင်း ၎င်း၏ဖခင်ဖြစ်သူမှ ပြောကြားခဲ့သည်။

## ပလက်ဝမြို့တွင် တပ်မတော်သားများမှ ဒေသခံနှစ်ဦးကို ဖမ်းဆီး

အောက်တိုဘာလ ၁၈ ရက်နေ့တွင် တပ်မတော်သားများမှ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ပလုပ်တောင်ရပ်ကွက်တွင် နေထိုင် သည့် အမျိုးသားနှစ်ဦးကို ဖမ်းဆီးသွားခဲ့သည်။ ဖမ်းဆီးခြင်းခံရသည့် အမျိုးသား နှစ်ဦးမှာ ဦးကျော်မင်းအောင် နှင့် ဦးငွေးလွင်တို့ဖြစ်ကြပြီး ၎င်းတို့သည် ရေတင်းခွန်ကျေးရွာမှ ပလက်ဝသို့ ကုန်ပစ္စည်းများသယ်လာစဉ် လမ်းတွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ဖမ်းဆီးခြင်းခံရသူနှစ်ဦးမှာ ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေသူများဖြစ်ပြီး လက်ရှိတွင် ၎င်းတို့နှစ်ဦးကို ပလက်ဝရဲစခန်းသို့ လွှဲပြောင်းထားသည်ဟုသိရှိရပြီး မိသားစုဝင်များ တွေ့ဆုံခွင့်မရရှိသေးကြောင်း ဖမ်းဆီးခြင်းခံထားရသူ ဦးကျော်မင်းအောင်၏ဇနီး ဒေါ်မြရီသန်းမှ ပြောကြားခဲ့သည်။ အဆိုပါလမ်းတွင်သွားလာမည်ဆိုပါက တပ်ရင်း ၂၈၉ တွင် ခွင့်ပြုစာတင်ရကြောင်း၊ ယင်းသို့ခွင့်ပြုစာတင်ရန် ငွေကြေးအခက်အခဲရှိသဖြင့် စာမတင်ဘဲသွားခဲ့ခြင်းဖြစ်ကြောင်းလည်း ဒေါ်မြရီသန်းမှ ဆက်လက်ပြောကြားခဲ့သည်။ ဖမ်းဆီးခြင်းခံထားရသူနှစ်ဦးကို ပလက်ဝရဲစခန်းတွင် ယာယီထိန်းသိမ်းထား ခြင်းသာဖြစ်ပြီး လက်ရှိတွင် တပ်မတော်သားအချို့မှ ပြန်လည်ခေါ်ဆောင်သွားပြီဖြစ်ကြောင်း ပလက်ဝမြို့နယ်ရဲခစန်းမှ စခန်းမှူး ဒုရဲမှူးဝင်းလွင်မှ ဆိုသည်။

[တပ်မတော်ယာဉ်မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် ကျောက်ဖြူမြို့နယ်မှ ဒေသခံနှစ်ဦး သံသယဖြင့် ဖမ်းဆီးခြင်းခံရ]

အောက်တိုဘာလ ၂၁ ရက်နေ့ နံနက် ၁၀ နာရီကျော်အချိန်ခန့်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စနဲမြို့နှင့် အဝတောင် ကျေးရွာအကြားတွင် တပ်မတော်မော်တော်ယာဉ် တစ်စီး မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် ထိုနေ့ ညနေပိုင်းအချိန်တွင် ကျောက်ဖြူမြို့နယ်၊ စံပယ်ချောင်ကျေးရွာမှ ကိုအောင်မျိုးလွင်(ခ)ညီညီ နှင့် ဒွေးချေကျေးရွာမှ မောင်မိုးပျံ(ခ)မောင်မောင်ချေ တို့သည် သံသယဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဖမ်းဆီးခြင်းခံထားရသူ ကိုအောင်မျိုးလွင်သည် မိုင်းပေါက်ကွဲမှုနှင့်တစ်စုံတစ်ရာ ပတ်သက်မှုမရှိသဖြင့် ပြန်လည်လွှတ်ပေးရန် ၎င်း၏မိခင်ဖြစ်သူ ဒေါ်မအောင်မြင့်မှ တောင်းဆိုခဲ့သည်။ သံသယဖြင့် ဖမ်းဆီး ထားသူ နှစ်ဦးကို လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ဆောင်ရန်အတွက် ကျောက်ဖြူမြို့မရဲစခန်းသို့ လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

[တပ်မတော် တပ်ရင်း ၆၆ မှ ဖမ်းဆီးထားသော အမ်းဒေသခံ ၁၄ ဦး ကို ပြန်လည် လွှတ်ပေး]

အောက်တိုဘာလ ၃၁ ရက်နေ့တွင် တပ်မတော် တပ်ရင်း ၆၆ မှ ၎င်းတို့ဖမ်းဆီးထားသော ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဒါးလက်ချောင်းအုပ်စု၊ မြောက်ဘက်ကျေးရွာမှ ရွာသား ၁၂ ဦးနှင့် အနောက်ဘက်ကျေးရွာမှ ရွာသားနှစ်ဦးတို့အား ပြန်လည် လွှတ်ပေးခဲ့သည်။ ပြန်လည်လွှတ်မြောက်လာသူများမှာ ဒါးလက်မြောက်ဘက်ကျေးရွာမှ ဦးညီညီမောင်၊ ဦးဝင်းငွေးမောင်၊ ဦးမောင်ကြည်သန်း၊ ဦးငွေသိန်း၊ ဦးညီဝင်း၊ ဦးလွမ်းဝေ၊ ဦးမောင်မြင့်ငွေး၊ ဦးတင်ရွှေ၊ ဦးကျော်ငွေးလှိုင်၊ ဦးခင်မောင်မြင့်နှင့် အမည်မသိရသေးသည့် ရွာသား နှစ်ဦးနှင့် အနောက်ဘက်ကျေးရွာမှ အမည်စုံစမ်းဆဲရွာသားနှစ်ဦးတို့ ဖြစ်ကြ သည်။ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ၎င်းတို့သည် ငါးရှာရန်သွားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖမ်းဆီးမှုများ

[KNU မှ ရွာသား သုံးဦးကို မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးခေါ်ဆောင်သွား]

အောက်တိုဘာလ ၅ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ (၆)၊ တပ်ရင်း (၁၆)၏ တပ်ခွဲ (၃)မှ ဒုအရာခံဗိုလ်အဆင့်ရှိသူ ဦးဖိုးထွန်းအပါအဝင် သုံးဦးသည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အတွင်းစခန်းကြီးကျေးရွာရှိ မွန်လူမျိုး နှစ်ဦးနှင့် ကရင်လူမျိုး တစ်ဦးတို့ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ထံမှ (WY)စိတ်ကြွဆေးပြား ၁၄၀ ပြားတွေ့ရှိခဲ့သောကြောင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်ဟု သိရှိရသည်။ ထိုကဲ့သို့ ဖမ်းဆီး ခေါ်ဆောင်သွားသည့် အပေါ် ကရင်ပြည်နယ်အစိုးရမှ အောက်တိုဘာလ ၈ ရက်နေ့ ရက်စွဲဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်မှု ကော်မတီ (JMC-S)သို့ ကန့်ကွက်အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

[လက်နက်ကိုင်ဆောင်ထားသည့် လူတစ်စုမှ NLD လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးကို ဖမ်းဆီး ခေါ်ဆောင်သွား]

အောက်တိုဘာလ ၁၄ ရက်နေ့တွင် နံနက် ၈ နာရီအချိန်ခန့်တွင် လက်နက်ကိုင်ဆောင်ထားသည့် လူတစ်စုမှ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်နီနီမေမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ချစ်ချစ်ချောနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမင်းအောင် တို့

သုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့သုံးဦးသည် တောင်ကုတ်မြို့နယ်၊ ဖောင်းခါးကျေးရွာသို့ မဲဆွယ်စည်းရုံးရေးသွားကြပြီး ယင်းကျေးရွာရှိ နေအိမ်တစ်ခုတွင် နားနေကြစဉ် သေနတ်ကိုင်ဆောင်ထားသူ လေးဦးနှင့် ဓါးကိုင်ဆောင်ထားသူ တစ်ဦးတို့ ရောက်ရှိလာခဲ့ပြီး ၎င်းတို့အား ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းတို့ကို စက်လှေ ဖြင့် ရမ်းဗြဲမြို့နယ်ဘက်သို့ ခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ဖမ်းဆီးခေါ်ဆောင်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်အတူ မဲဆွယ်ခရီးစဉ်တွင် အတူလိုက်ပါသွားကြသည့် NLD အဖွဲ့ဝင် မအေးအေးနိုင်၊ ဦးသက်ထွန်း (ခ) ဖိုးထောင်၊ ကိုသန့်ဇင်ဖြိုးတို့ကိုမူ ဖမ်းဆီးခြင်းမရှိခဲ့ပါ။ ကိုသန့်ဇင်ဖြိုးမှ အဆိုပါ လက်နက်ကိုင်အဖွဲ့ဝင်များမှာ ရက္ခိုင့်တပ်တော်(AA)အဖွဲ့ဝင်များဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရိုက်နှက်မှုများရှိကြောင်း၊ ၎င်း၏ နဖူးကိုလည်း သေနတ်ပြောင်းဝနှင့်ထိုးကြောင်း ပြောဆိုခဲ့သည်။

အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရက္ခိုင့်တပ်တော် (AA) မှ ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှ ကိုယ်စားလှယ်လောင်းသုံးဦးကို စစ်ဆေးမေးမြန်းရန် ခေါ်ယူထားခြင်းဖြစ်ပြီး အစိုးရမှ ဖမ်းဆီးထားသည့် ကျောင်းသားများကို ခြွင်းချက်မရှိ ပြန်လည်လွှတ်ပေးပါက ကိုယ်စားလှယ်လောင်းများကို အမြန်ဆုံး ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

### ရက္ခိုင့်တပ်တော် (AA) မှ ပလက်ဝဒေသခံတစ်ဦးကို ဖမ်းဆီး

ရက္ခိုင့်တပ်တော် (AA) မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကြက်မအိုင်ကျေးရွာမှ ဒေသခံတစ်ဦးကို အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဖမ်းဆီးသွားသည်ဟု ချင်းနေရပ်စွန့်ခွာစစ်ရှောင်များကူညီထောက်ပံ့ရေးကော်မတီ (CISC) အတွင်းရေးမှူး ဆလိုင်းကျော်အောင်မှ ပြောကြားခဲ့သည်။ အောက်တိုဘာလ ၁၈ ရက်နေ့ ညနေ ၄ နာရီခွဲခန့်တွင် စက်လှေတစ်စီးဖြင့် ရောက်ရှိလာသည့် AA လက်နက်ကိုင်အဖွဲ့ဝင်များသည် ကြက်မအိုင်ကျေးရွာ လှေဆိပ်တွင် ရေချိုးနေသည့် ကြက်မအိုင် ရွာသား ကိုဒုန်းအောင်ကို ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု ၎င်းမှ ဆိုသည်။ မီးချောင်းအတိုင်း ဆန်တက်လာသည့် အဆိုပါ စက်လှေတွင် ဆန်အိတ်အပြည့်တင်ဆောင်လာပြီး စက်လှေပေါ်ပါသည့် လက်နက်ကိုင်နှစ်ဦးမှ လှေဆိပ်တွင် ခေတ္တရပ်ကာ ကိုဒုန်းအောင်ကို အနည်းငယ်မေးမြန်းပြီးနောက် ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း မိသားစုဝင်တစ်ဦးမှ ပြောကြားခဲ့ သည်။

### လက်နက်ကိုင်အဖွဲ့တစ်ခုမှ ရသေ့တောင်မြို့မှ မြို့မိမြို့ဖ နှစ်ဦးကို ဖမ်းဆီး

အောက်တိုဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့တစ်ခုမှ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ရသေ့တောင် မြို့မှ မြို့မိမြို့ဖများဖြစ်ကြသော ဦးဦးသိန်းမောင် နှင့် ဦးဦးသာဇံတို့ကို ဖမ်းဆီးသွားခဲ့သည်။ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၊ ဘေး/စီမံ ဦးစီဌာနမှ ဝန်ထမ်းများ နှင့် ရသေ့တောင်မြို့ပေါ်ရှိ အရပ်ဘက် အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့်အတူ ၎င်းတို့ နှစ်ဦးသည် ရေပိုက်ဆုံကျေးရွာသို့ ရိက္ခာများ အကူအညီပေးရန် သွားရောက်စဉ် င/လပြား ဆိပ်ကမ်းတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ အဆိုပါ မြို့မိမြို့ဖ နှစ်ဦးကို ရက္ခိုင့်တပ်တော် (AA) မှ ဖမ်းဆီးသွားခြင်းဖြစ်ပြီး ကျန်သူများသည် ညနေ ၂ နာရီခန့်တွင် ရသေ့တောင်မြို့ပေါ်ကို ပြန်လည် ရောက်ရှိလာကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းအချိန်တွင် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးဦးသာဇံသည် ပြန်လည် လွတ်မြောက်လာခဲ့ သည်။

အဆိုပါ မြို့မိမြို့ဖနှစ်ဦးသည် ရသေ့တောင်မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သူများဖြစ်ကြောင်း တပ်မတော်မှ ပြောကြားခဲ့သည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ လွတ်မြောက်မှုများ

### RCSS မှ ဖမ်းဆီးသွားခဲ့သည့် ပန်ပီးရွာသားနှစ်ဦး ပြန်လည်လွတ်မြောက်လာ

ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ဖမ်းဆီးသွားခဲ့သည့် ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ်၊ ပန်ပီးကျေးရွာမှ လူငယ် နှစ်ဦးသည် အောက်တိုဘာလ ၄ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် အဆိုပါ လူငယ် နှစ်ဦးသည် အိမ်သစ်တက်ရာတွင် အကျွေးအမွေး ပြုလုပ်ရန် လိုအပ်သည့် ပစ္စည်းများအား မိုင်းပန်းဈေး၌ သွားဝယ်ပြီး ပြန်လာစဉ် မူးယစ်ဆေးဝါးသုံးစွဲထားသည်ဟုဆိုကာ RCSS မှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ မိုင်းပန်မြို့နယ်အတွင်းရှိ တောတွင်းတစ်နေရာတွင် RCSS မှ ကျေးရွာ လူကြီးများ နှင့် လူငယ်နှစ်ဦး၏ မိဘများအား ခေါ်ဆောင်ကာ အာမခံခိုင်း၍ ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

### အမည်မသိလက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော နမ့်ခမ်းမြို့မှ အမျိုးသမီးတစ်ဦး ပြန်လည်လွတ်မြောက်

အမည်မသိလက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက်မှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဆိုင်ပိုင်ရှင်အမျိုးသမီးသည် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ အောက်တိုဘာလ ၁၈ ရက်နေ့တွင် လက်နက်ကိုင်အမျိုးသား သုံးဦးမှ အဆိုပါအမျိုးသမီးကို လက်ထိပ်ခတ်ကာ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် လူမှား၍ ဖမ်းဆီးခဲ့သည်ဟုဆိုကာ ပြန်လည် လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုသတင်းကိုကြားသိရသဖြင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့မှ ထိုအမျိုးသမီးကို လာရောက်ခေါ်ဆောင်ရခြင်းဖြစ်ကြောင်း၊ သို့သော် လူမှားခေါ်မိသဖြင့် တောင်းပန်ကြောင်းပြော၍ ပြန်လည် လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံနန်းမေမှ ပြောကြားခဲ့သည်။

### KIA မှ ဖမ်းဆီးသွားခဲ့သည့်  ရွာသားသုံးဦး ပြန်လည် လွတ်မြောက်လာ

ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တပ်ရင်း ၅ မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျောက်ကြီးကျေးရွာမှ ရွာသား သုံးဦးသည် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဖမ်းဆီး ခေါ်ဆောင်ခြင်းခံခဲ့ရသူများမှာ မောင်ကျော်ခိုင်ဦး၊ အသက် ၁၆ နှစ်အရွယ်ရှိ မောင်ထွန်းရဲမိုး နှင့် မောင်နိုင်လင်း တို့ဖြစ်ကြ သည်။ ၎င်းတို့သုံးဦးသည် နေ့စားသွားရောက်လုပ်ကိုင်နေစဉ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

### KNU မှ ဖမ်းဆီးသွားခဲ့သော  မူလတန်းကျောင်းအုပ်ဆရာတစ်ဦး ပြန်လည် လွတ်မြောက်

ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဖမ်းဆီးသွားခဲ့သော ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ မထောကျေးရွာအုပ်စု၊ မထော ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာဖြစ်သူ ဦးမြင့်ဇော်သည် ပြန်လည်လွတ်မြောက်လာခဲ့ပြီး အောက်တိုဘာလ ၂၆ ရက်နေ့တွင် ရွာသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျောင်းအုပ်ဆရာ ဦးမြင့်ဇော်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဦးမြင့်ဇော်၏သားဖြစ်သူမှာ KNU တွင် စစ်မှုထမ်းရမည့်အချိန် ဖြစ်သော်လည်း ရှောင်တိမ်းနေသော ကြောင့် ဖခင်ဖြစ်သူအားဖမ်းဆီးရခြင်းဖြစ်ကြောင်း၊ မဲထည့်ရမည့်ကိစ္စရှိ၍ ပြန်လည် လွှတ်ပေးခဲ့ခြင်းဖြစ်ပြီး မဲကိစ္စပြီးလျှင် တပ်ရင်းသို့ ပြန်လာရမည်ဖြစ်ကြောင်း KNU ၏ ဖာပွန်ခရိုင်အတွင်းရေးမှူး ပဒိုစောရော်ဘင်မူးမှ ပြောကြားခဲ့သည်။

## တရားစွဲဆိုခံရခြင်းများ

### မကွေးမြို့တွင် သတင်းထောက်ကိုးဦး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် အမှုဖွင့်ခြင်းခံရ

ဒီဗွီဘီ CJ သတင်းထောက်အပါအဝင် သတင်းဌာနအသီးသီးမှ သတင်းထောက် ကိုးဦးသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်ခြင်းခံထားရကြောင်း သိရှိရသည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင် အထက်မြန်မာပြည် စောင့်ကြည့်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သိန်းမှ ၎င်းတို့ကို မကွေးတိုင်းဒေသကြီး အမှတ်(၂) မကွေးနယ်မြေရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမှုဖွင့်ခြင်းခံထားရသည့် သတင်းထောက်များကို ရဲစခန်းမှ ခေါ်ယူခဲ့ပြီး ကျပ် ငါးသောင်း တန် ခံဝန်ဖြင့် အာမခံပေးခဲ့သည်။ စက်တင်ဘာလအတွင်းတွင် မကွေးမြို့၌ ဂရန်အတုကိစ္စ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း နှင့်ပတ်သက်ပြီး လူမှုကွန်ရက်စာမျက်နှာတွင် ဦးခင်မောင်သိန်းမှ ရေးတင်ခဲ့သည်။ ထို့ကြောင့် ဦးအောင်သိန်းလင်း (သတင်းထောက်နေခြည်) မှ ဦးခင်မောင်သိန်းကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် စတင်အမှုဖွင့်ခဲ့သည်။ ထို့ပြင် NaGyi လူမှုကွန်ရက်စာမျက်နှာတွင် ဦးခင်မောင်သိန်း အမည်တပ်ပြီး တစ်ပတ်အတွင်း တောင်းပန်ပါဟု သတင်းထောက် ကိုးဦးမှ ပြန်တင်ခဲ့သည့်အတွက် ဦးခင်မောင်သိန်းမှ ကျေနပ်ခြင်းမရှိ၍ ပြန်လည် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

## [တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးထားသည့် တောင်ကုတ်ဒေသခံသုံးဦးအနက် တစ်ဦးကို အမှုဖွင့်၊ ကျန်နှစ်ဦးအား ပြန်လည် လွှတ်ပေး]

ရက္ခိုင့်တပ်တော်(AA)နှင့်ဆက်စပ်သံသယဖြင့် တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးထားသည့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပဒါးရွာမကျေးရွာမှ ရွာသား သုံးဦးအနက် တစ်ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခဲ့ ပြီး ကျန်နှစ်ဦးအား ပြန်လည်လွှတ်ပေးခဲ့သည်ဟု သိရှိရသည်။ အောက်တိုဘာလ ၁ ရက်နေ့တွင် တပ်မတော်သား ရှစ်ဦးမှ ပဒါးရွာမကျေးရွာသား သုံးဦးဖြစ်ကြသော မောင်ရွှေကျီး(ခ)မင်းဆန်းမွန်း၊ ဦးညီမောင်ချေ (ခ) ကိုရင် နှင့် ကိုကြည်မိုးနိုင်တို့ အား ဖမ်းဆီးသွားခဲ့သည်။ ရွာသားတစ်ဦးဖြစ်သူ ဦးငလုံးခိုင်ကို ဖမ်းဆီးခဲ့ခြင်းမရှိသော်လည်း ရိုက်နှက်ခဲ့ကြသည်။ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အတွင်းတွင် ဦးညီမောင်ချေ (ခ) ကိုရင်သည် AA အတွက် ရိက္ခာနှင့် ငွေကြေးများကောက်ခံပေးနေသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ၅၀(ည)၊ ၅၂(က) အရ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေးအတွက် အမ်းမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ပြီးဖြစ်ကြောင်း ဖော်ပြ ထားသည်။ ကျန်နှစ်ဦးဖြစ်သည့် မောင်ရွှေကျီး(ခ)မင်းဆန်းမွန်း နှင့် ကိုကြည်မိုးနိုင်တို့အား (AA) နှင့်ဆက်စပ်ခြင်းမရှိသဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။ ကိုညီမောင်ချေ (ခ) ကိုရင်ကို အမ်းမြို့မရဲစခန်းသို့ လွှဲပြောင်းထားသည်ကို ကြားသိရသောကြောင့် ၎င်း၏ အစ်ကို နှင့် အစ်မဖြစ်သူတို့မှ တွေ့ဆုံရန်သွားရောက်ခဲ့ရာ ကျန်းမာရေးကောင်းမွန်ခြင်းမရှိသောကြောင့် ဆေးကုသမှု ခံယူနေရသဖြင့် တွေ့ဆုံခွင့်မရရှိခဲ့ဘဲ အဝတ်အစားများကိုသာ ပေးခွင့်ရခဲ့ကြောင်း သိရှိရသည်။

တပ်မတော်သားများမှ ပဒါးရွာမကျေးရွာမှ လူ ၂၀ ဦးခန့်အား ဖမ်းဆီးရန်ရှိကြောင်းပြောကြားသည့်အတွက် လက်ရှိတွင် ထွက်ပြေးတိမ်းရှောင်နေရသူများလည်းရှိကြောင်း ဒေသခံများမှဆိုသည်။

## [စစ်တွေမြို့နယ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်]

တပ်တော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ တောကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းကျော်လှိုင်အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။ အောက်တိုဘာလ ၃ ရက်နေ့တွင် အင်အား ၅၀ ခန့်ရှိမည့် တပ်မတော်စစ်ကြောင်းတစ်ခုသည် တောကန်ကျေးရွာအတွင်းကို ဝင်ရောက်လာကာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များကို စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းကျော်လှိုင်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းအား တစ်ရက်ကြာဖမ်းဆီးထားခဲ့ပြီး အောက်တိုဘာလ ၄ ရက်နေ့တွင် စစ်တွေမြို့ အမှတ်(၂) နယ်မြေရဲစခန်းသို့ လွှဲပြောင်းခဲ့သည်။ ထိုသို့လွှဲပြောင်းခဲ့ပြီးနောက် အောက်တိုဘာလ ၅ ရက်နေ့တွင် ၃၅၄ တပ်ရင်းမှ ဦးသန်းကျော်လှိုင်အား ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

ဖမ်းဆီးခြင်းခံထားရသည့် တောကန်ကျေးရွာအုပ်ချုပ်ရေမှူးအား အမြန်ဆုံးပြန်လည်လွှတ်ပေးရန် စစ်တွေမြို့နယ်မှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် အောက်တိုဘာလ ၄ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သွားရောက်တွေ့ဆုံ၍ တောင်းဆို ခဲ့ကြသည်။

## [အသရေဖျက်မှုဖြင့် Mi Htaw Mon လူမှုကွန်ရက်စာမျက်နှာပိုင်ရှင်ကို အမှုဖွင့်]

အောက်တိုဘာလ ၃ ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမနင်းကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရပ်ကျေးအတွင်းရေးမှူး ဦးနိုင်နိုင်ဝင်းမှ Mi Htaw Mon လူမှုကွန်ရက်စာမျက်နှာပိုင်ရှင်ကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ခေါင်းဆုံမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ Mi Htaw Mon လူမှုကွန်ရက် စာမျက်နှာပိုင်ရှင်သည် အောက်တိုဘာလ ၂ ရက်နေ့တွင်

NLD ပါတီနှင့် ကိုယ်စားလှယ်လောင်းများကို ပုတ်ခတ်စော်ကားသော၊ အသရေဖျက်သော စာသားများကို လူမှုကွန်ရက်စာမျက်နှာပေါ် ရေးသားဖြန့်ဝေခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရသည်။ အောက်တိုဘာလ ၄ ရက်နေ့တွင် အမှုဖွင့်ခြင်းခံရသူအား ရဲစခန်းမှ ခေါ်ယူစစ်ဆေးခဲ့ပြီးနောက် အာမခံပေးခဲ့သည်။ အဆိုပါ Mi Htaw Mon လူမှုကွန်ရက် စာမျက်နှာပိုင်ရှင်၏ အမည်ရင်းမှာ မိတင်ဌေးမွန်ဖြစ်ပြီး ၎င်းသည် မွန်ညီညွတ်ရေးပါတီ (MUP) မှ ချောင်းဆုံမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစောလင်းအောင်၏ ကမ်ပိန်းမန်နေဂျာအဖြစ် ဆောင်ရွက် နေသူ ဖြစ်သည်။

## စစ်တွေမြို့မှ ရှေ့နေဟောင်းတစ်ဦး ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲတင်ခြင်းခံရ

အောက်တိုဘာလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ရှေ့နေဟောင်းတစ်ဦးဖြစ်သူ ဦးသာပွင့်သည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် စစ်တွေမြို့နယ်တရားရုံး၌ တရားစွဲတင်ခြင်းကိုခံခဲ့ရသည်။ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရခိုင်ပြည်နယ်အတွင်း အရပ်သား ထိခိုက်သေဆုံးမှုများနှင့်ပတ်သက်၍ (share)လုပ်သည့် post များရှိခဲ့သည့်အတွက် ယခုကဲ့သို့ တရားစွဲဆိုခံရခြင်းဖြစ်ကြောင်း တရားစွဲဆိုခြင်းခံရသူ ဦးသာပွင့်မှ ပြောကြားခဲ့သည်။ ဦးသာပွင့်ကို စစ်တွေမြို့နယ်ရှိ နပခအမှတ်(၉) လျှပ်စစ်နှင့်အင်ဂျင်နီယာတပ်မှ ဗိုလ်မှူးကျော်ဇော်မှ တရားလိုပြုလုပ်ပြီး တရားစွဲဆိုထားခြင်း ဖြစ်သည်။ တရားစွဲဆိုခြင်းခံရသူဦးသာပွင့်အား ကျပ်သိန်း ၂၀ တန် အာမခံဖြင့် ပြန်လည် လွှတ်ပေးခဲ့ကာ အောက်တိုဘာလ ၂၁ ရက်နေ့ကို ရုံးချိန်း ထပ်မံချိန်းဆိုခဲ့သည်။

## ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ကျောင်းသား ၁၃ ဦး ထပ်မံ တရားစွဲဆိုခြင်းခံရ

ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ကျောင်းသား ၁၃ ဦးသည် အောက်တိုဘာလ ၉ ရက်နေ့တွင် ချမ်းအေးသာဇံမြို့နယ်တရားရုံး၌ ထပ်မံ တရားစွဲဆိုခြင်းခံခဲ့ရသည်။ ၎င်းတို့ ၁၃ ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် ချမ်းအေးသာဇံမြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းခံထားရပြီး ထိုတရားရုံး၌ပင် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် ထပ်မံတရားစွဲဆိုခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

## တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ကျောက်ဂူစုကျေးရွာသားအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်ဂူစုကျေးရွာမှ ရွာသားတစ်ဦးအား နေအိမ်အတွင်းမှ မိုင်းတွေ့ရှိသည်ဟုဆိုကာ တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ရဲစခန်းသို့အပ်နှံကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ (၅၀)(က)ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုသည် ကျောက်ဂူစုကျေးရွာအတွင်းကို ဝင်ရောက်လာခဲ့ပြီး ကျောက်ဂူစုကျေးရွာသား နှစ်ဦးဖြစ်သည့် ကိုမောင်ပိန်အောင် နှင့် ကိုစိန်ထွန်းဝင်း တို့ကို ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် တပ်မတော်သားများမှ ကိုမောင်ပိန်အောင်၏ နေအိမ်အား ထပ်မံလာရောက်စစ်ဆေးခဲ့ပြီး စပါးကျီအတွင်းတွင် မိုင်းတစ်လုံးတွေ့ရှိသည်ဟုဆိုကာ ၎င်း၏ဇနီးဖြစ်သူ မမေထွီးချေ ကိုပါ ဖမ်းဆီးသွားခဲ့သည်။ ထို့နောက် စစ်ကြောင်းပြန်ခါနီးအချိန်၌ ကိုစိန်ထွန်းဝင်း နှင့် မမေထွီးချေတို့ကို ပြန်လည် လွှတ်ပေးခဲ့ကာ ကိုမောင်ပိန်အောင်ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

လက်ရှိတွင် ကိုမောင်ပိန်အောင်သည် ရိုက်နှက်စစ်ဆေးခြင်းခံခဲ့ရသည့်အတွက် ခေါင်းကွဲဒဏ်ရာများနှင့် ရင်ဘတ်အောင့် ဒဏ်ရာများရရှိနေပြီး ဆေးကုသမှုခံယူရန်လိုအပ်နေသော်လည်း ဆေးကုသခွင့်မရရှိကြောင်း ၎င်း၏ ဇနီးဖြစ်သူ မမေထွီးချေမှ ပြောကြားခဲ့သည်။

## မင်းကင်းမြို့နယ်၌ ဒေသခံ ၂၁ ဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် အမှု ၁၂ မှု ဖွင့်ကာ တရားစွဲဆို

အောက်တိုဘာလ ၁၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ထက်အောင်မှ မင်းကင်းမြို့ဒေသခံ ၂၁ ဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် အမှု ၁၂ မှု ဖွင့်ကာ မင်းကင်းမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ အဆိုပါ အမှု ၁၂ မှုသည် နိုင်ငံတော်အတိုင်ပင်ခံ နှင့် နိုင်ငံတော်အစိုးရကို ထိခိုက်စေသည့် အသုံးအနှုန်းများကို အသံချဲ့စက်ဖြင့် ဖွင့်ခြင်း၊ လူကိုယ်တိုင်ရွာတွင်း လှည့်လည်

အော်ဟစ်ခြင်းများရှိသည့်အတွက် မင်းကင်းမြို့နယ် NLD ပါတီမှ ဥပဒေအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းထွဋ် မှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ သတင်းပို့ တိုင်ကြားခဲ့သည်။ ထို့ကြောင့် အထက်အဆင့်သို့ လမ်းညွှန်ချက်ခံယူပြီး ဥပဒေ နှင့်အညီ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးမှ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်ဟု သိရှိရသည်။ တရားစွဲဆိုခြင်းခံထားရသူ ၂၁ ဦးအနက် ၁၇ ဦးကို ဝရမ်းအတည်ဖြစ်၍ ဖမ်းဆီးခဲ့သည်ဟု သိရှိရသည်။

## စစ်တွေမြို့၌ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့ကြသည့် ကျောင်းသား လေးဦး ဖမ်းဆီး၊ အမှုဖွင့်ခြင်းခံရ

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားထိခိုက် သေဆုံးမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့ ကြသည့် ကျောင်းသား လေးဦးသည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်တွေမြို့နယ်ရဲမှူး ဦးဇော်နိုင်မှ တရားလိုပြုလုပ်၍ အဆိုပါကျောင်းသား လေးဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် စစ်တွေမြို့နယ်တရားရုံး တွင် ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့ကြသည့် ကျောင်းသား လေးဦးမှာ ရခိုင်ပြည် ကျောင်းသားသမဂ္ဂမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုကျော်နိုင်ဌေး၊ တွဲဘက် သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ကိုဦးသန်းနိုင်၊ ကျောင်းသားများသမဂ္ဂ-ကျောက်ဖြူပညာရေးကောလိပ်-တွဲဖက်အတွင်းရေးမှူး ကိုမြတ်စိုးဝင်း နှင့် ရခိုင်ကျောင်းသားများသမဂ္ဂ-တက္ကသိုလ်များရန်ကုန် အဖွဲ့ဝင် ကိုကောင်းထွန်း တို့ဖြစ်ကြသည်။ အောက်တိုဘာလ ၁၉ ရက်နေ့ နေ့လည် ၁ နာရီခွဲမှစတင်ကာ ရခိုင်ပြည်ကျောင်းသားသမဂ္ဂမှဦးဆောင်၍ ရဟန်းသံဃာများ၊ ဒေသခံပြည်သူများမှ မြို့ပတ်၍ လမ်းလျှောက်ဆန္ဒပြတောင်းဆိုနေစဉ် ရဲတပ်ဖွဲ့မှ ၎င်းတို့လေးဦးကို အင်အားသုံးကာ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်ဟု သိရှိရသည်။

လက်ရှိတွင် အဆိုပါကျောင်းသား လေးဦးကို စစ်တွေအကျဉ်းထောင်၌ ထိန်းသိမ်းထားကြောင်း သိရှိရသည်။

## ကျောက်တော်မြို့နယ်၊ ရုပ်သားကျေးရွာမှ ရွာသားတစ်ဦး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရုပ်သားကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ ဦးမောင်ကျော်သန်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသည်ဟု သိရှိရသည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဦးမောင်ကျော်သန်း သည် ကျေးရွာအနီးရှိ ၎င်းပိုင်ယာခင်း၌ရှိနေစဉ် တပ်မတော်သားများမှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖမ်းဆီးခြင်းခံရပြီး နှစ်ရက်အကြာ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဦးမောင်ကျော်သန်းသည် ကျောက်တော်မြို့မရဲစခန်းသို့ ဒဏ်ရာများဖြင့် ရောက်ရှိလာခဲ့သည်။ ဦးမောင်ကျော်သန်း၏ ဇနီးဖြစ်သူ ဒေါ်ဦးလှယဉ်မှ ၎င်းတို့ ရဲစခန်းသို့ သွားရောက်၍ ဦးမောင်ကျော်သန်းကို တွေ့ဆုံခဲ့ရာ ၎င်းတွင် ခြောက်ထောက်၊ ရင်ဘတ် နှင့် နောက်ကျော၌ ရိုက်နှက်ခြင်း ခံထားရသည့် ဒဏ်ရာများစွာရှိပြီး လေတောင်ရှူနိုင်ခြင်းမရှိပါဟု ပြောကြားခဲ့သည်။

အောက်တိုဘာလ ၂၁ ရက်နေ့တွင် တပ်မတော်မှ ဦးမောင်ကျော်သန်းသည် ရက္ခိုင့်တပ်တော် (AA) ၏ အမာခံဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ရုပ်သားကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ကျန်ထွန်းမှ ဦးမောင်ကျော်သန်းမှာ ကျေးရွာ အတွင်း ရိုးရိုးသားသား လယ်ယာလုပ်စားနေသူတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျေးရွာသားများအား ဖမ်းဆီးစစ်ဆေးစဉ် ဦးမောင်ကျော်သန်း၊ ကိုဘသန်း နှင့် ကိုကျော်ဝင်း နှင့် စိတ်ကျန်းမာရေး မကောင်းသူ တစ်ဦးအား သီးသန့် ခေါ်ကာ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်၊ ထိုကဲ့သို့ စစ်ဆေးမေးမြန်းမှုများပြုလုပ်စဉ် ရိုက်နှက်သည့်ဒဏ်ကိုခံနိုင်ခြင်းမရှိ၍ အဆိုပါစိတ်ကျန်းမာရေးမကောင်းသူမှ ရက္ခိုင့်တပ်တော် (AA) အဖွဲ့ဝင်များသည် ကိုဘသန်း နှင့် ကိုကျော်ဝင်း တို့ဖြစ်ကြောင်း ဖြေကြားခဲ့သည်ဟု ဒေါ်ဦးလှယဉ်မှ ပြောကြားခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်း ပြသခဲ့သည့် တပ်မိသားစုဝင် မိန်းကလေးတစ်ဦးအား ပုဒ်မ ၅၀၅ (ခ)ဖြင့် တပ်မတော်မှ တရားစွဲဆိုထား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်း ပြသခဲ့သည့် တပ်မိသားစုဝင် မိန်းကလေးတစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုထားသည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းမှ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော် ပြောကြားခဲ့သည်။ ထိုအမျိုးသမီးငယ်သည် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် ဖုန်းမှတစ်ဆင့်

တိုက်ရိုက်ထုတ်လွှင့်မှုများ (LIVE) ပြုလုပ်ခဲ့ခြင်းကြောင့် တရားစွဲဆိုရခြင်းဖြစ်သည်ဟု ၎င်းမှ ဆိုသည်။ လက်ရှိတွင် တရားစွဲဆိုခြင်း ခံထားရသည့် အမျိုးသမီးငယ်ကို သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ ထိန်းသိမ်းထားသည်ဟု တပ်မတော် သတင်းမှန်ပြန်ကြားရေး အဖွဲ့ထံမှ သိရှိရသည်။

[ကျားနီပါတီ စည်းရုံးရေးမှူးတစ်ဦးကို ဖမ်းဆီး၊အမှုဖွင့်]

အောက်တိုဘာလ ၂၇ ရက်နေ့တွင် ခလရ ၂၂၂ မှ အရပ်ဝတ်ဖြင့် စစ်သားများမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းအုပ်စု၊ ပုံနွဲ့ကျေးရွာတွင်နေထိုင်သည့် တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စည်းရုံးရေးမှူး ဦးမောင်သိန်းကို နောက်ပြန်ကြိုးတုတ်၍ ရိုက်နှက်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဦးမောင်သိန်းအား တပ်မတော်အရာရှိတစ်ဦးမှ ရာဇသတ်ကြီးပုဒ်မ ၁၇၀၊ ၃၅၆ ဖြင့် အမှုဖွင့်ခဲ့သည်။

ဦးမောင်သိန်းအား ဖမ်းဆီးခေါ်ဆောင်သွားပြီး တပ်ကုန်းရောက်ချိန်တွင် လူသတ်မှုနှင့်ပတ်သက်ပြီး ထပ်မံစွပ်စွဲကာ ရိုက်နှက်မှုပြုလုပ်ခဲ့ပြီး အတင်းအဓမ္မဝန်ခံခိုင်းကြောင်း၊ ထို့ပြင် ရှမ်းနီတပ်ဖွဲ့နှင့်ချိတ်ဆက်မှု ရှိသည်ဟုလည်း စွပ်စွဲပြောဆိုကြောင်း ပါတီဥက္ကဋ္ဌဦးဌေးအောင်မှ ပြောကြားခဲ့သည်။ လက်ရှိတွင် ဦးမောင်သိန်းကို ဟုမ္မလင်းမြို့နယ်၊ နမ့်တောရဲစခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားသည်ဟု သိရှိရသည်။

## တရားရင်ဆိုင်ရခြင်းများ

[AA အတွက် ရိက္ခာသိုလှောင်ထားသည်ဟု စွပ်စွဲခြင်းခံထားရသော ဆန်စက်ပိုင်ရှင်ကို တရားစွဲတင်]

ရက္ခိုင့်တပ်တော်(AA)အတွက် ရိက္ခာသိုလှောင်ထားသည်ဟု စွပ်စွဲခြင်းခံထားရသော ဆန်စက်ပိုင်ရှင် ဦးရဲကျော်ထွန်းအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် စစ်တွေခရိုင်တရားရုံး၌ အောက်တိုဘာလ ၁ ရက်နေ့တွင် တရားစွဲတင်ခဲ့သည်။ ဩဂုတ်လ ၃၁ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် တပ်မတော်ရေယာဉ်တစ်စီးသည် စပါးထား ကျေးရွာအနီး၌ ရပ်တန့်ခဲ့ပြီး တပ်မတော်သားများသည် ကျေးရွာအတွင်းရှိ နေအိမ်များနှင့် ဆန်စက်ရုံများကို ဝင်ရောက် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် ဦးရဲကျော်ထွန်း၏ ဆန်စက်၌ ဆန်အိတ်များကို တွေ့ရှိသဖြင့် စစ်ဆေး၊ မေးမြန်းရန် ရှိသည်ဟုဆိုကာ ဖမ်းဆီး၊ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ တပ်မတော်မှ ဦးရဲကျော်ထွန်းအား တစ်ရက်ကြာ စစ်ဆေး မေးမြန်းခဲ့ပြီးနောက် စက်တင်ဘာလ ၂ ရက်နေ့တွင် စစ်တွေမြို့၊ အမှတ် (၁) ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။ သို့သော်လည်း စက်တင်ဘာလ ၁၀ ရက်နေ့တွင် တပ်မတော်မှ ၎င်းအား စစ်ဆေး မေးမြန်းရန် ကျန်ရှိနေသေးသည်ဟုဆိုကာ ပြန်လည် ခေါ်ဆောင်သွားခဲ့ပြီး စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရဲစခန်းသို့ ပြန်လည် ပို့ဆောင်ခဲ့သည်။

[အမြောက်တပ်မှ တောင်သူ ၁၇ ဦးအပေါ် ထပ်တိုးပြစ်ဒဏ်ပေးရန် လျှောက်ထားမှု ပြည်နယ် တရားလွှတ်တော် ပလပ်]

ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ ဒေါဆိုရှေ့ကျေးရွာမှ တောင်သူ ၁၇ ဦးကို ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်ပတ်သက်၍ ကျေနပ်ခြင်းမရှိသောကြောင့် အမှတ်(၃၆၀) အမြောက်တပ်မှ ထပ်တိုးပြစ်ဒဏ်ချမှတ်ပေးရန် ထပ်မံ လျှောက်ထားမှုကို ပြည်နယ်တရားလွှတ်တော်မှ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပလပ်(ပယ်ချ)လိုက်ကြောင်း သိရှိရသည်။ မတ်လ ၁၃ ရက်နေ့တွင် ဒီမောဆိုမြို့နယ်တရားရုံးမှ တပ်ပိုင်မြေတွင် ဝင်ရောက်စိုက်ပျိုးမှုဖြင့် ဒေါဆိုရှေ့ကျေးရွာမှ တောင်သူ ၁၇ ဦးကို ထောင်ဒဏ် နှင့် ငွေဒဏ် အသီးသီးချမှတ်ခဲ့သည်။ တရားရုံးမှ ချုပ်ရက်များကို ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည့်အတွက် တောင်သူ ၁၇ ဦးမှာ အမိန့်ချမှတ်သည့်နေ့တွင်ပင် လွတ်မြောက်လာခဲ့သည်။

သို့ဖြစ်၍ အမြောက်တပ်မှ နောက်တိုးပြစ်ဒဏ်ချမှတ်ရန် လွိုင်ကော်ခရိုင်တရားရုံးကို တင်သွင်းခဲ့သည်။ သို့သော်လည်း ခရိုင် တရားရုံးမှ ထပ်တိုးပြစ်ဒဏ်ပေးရန် ပယ်ချခဲ့၍ ပြည်နယ်တရားလွှတ်တော်သို့ ဆက်တက်ခဲ့ခြင်းဖြစ်သည်။

## ပြစ်ဒဏ်ချမှတ်ခံရခြင်းများ

[အလုပ်သမားအရေးလှုပ်ရှားသူ တစ်ဦး နှင့် ရှေ့နေ တစ်ဦး ထောင်ဒဏ် နှစ်နှစ်ချမှတ်ခြင်းခံရ]

အောက်တိုဘာလ ၂ ရက်နေ့တွင် အလုပ်သမားအရေးလှုပ်ရှားသည့် ပဲခူးမြို့ခံ တက်ကြွလှုပ်ရှားသူ ကိုလေးနိုင် နှင့် ပြည်သူ့ပါတီမှ ရှေ့နေ ကိုကျော်နိုင်ဝင်း(ခ) စောကျော်နိုင်ဝင်းတို့သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ် နှစ် နှစ် ချမှတ်ခြင်းခံခဲ့ရပြီး ချုပ်ရက်များပါ ခံစားခွင့်ရရှိခဲ့သည်။ ထိုအမှုနှင့်ပတ်သက်၍ ကိုလေးနိုင် နှင့် ကိုကျော်နိုင်ဝင်း(ခ) စောကျော်နိုင်ဝင်းတို့သည် တရားရင်ဆိုင်ခဲ့ကြသော်လည်း ၎င်းတို့နှင့်အမှုတွဲတစ်ခုတည်းဖြစ်သော ပဲခူးမြို့ခံ တက်ကြွ လှုပ်ရှားသူ ကိုနိုင်နိုင်အောင်သည် အမှုကို တရားမျှတမှုမရှိဟု ယူဆကာ တရားရင်ဆိုင်ခြင်းမရှိဘဲ တိမ်းရှောင်နေခဲ့သည်။

ကိုဗစ်ကာလ ပဲခူးစက်မှုဇုန်ရှိ စက်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသူများ စက်ရုံပိတ်ပေးရန် ဆန္ဒဖော်ထုတ်ရာ၌ ဦးဆောင် ခြင်း၊ ပဲခူးတိုင်းအစိုးရအဖွဲ့အား လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် Live လွှင့်၍ ဆဲဆိုခဲ့ခြင်းတို့ ပြုလုပ်သည်ဟုဆိုကာ ကိုနိုင်နိုင်အောင်၊ ကိုလေးနိုင်နှင့် ကိုကျော်နိုင်ဝင်း(ခ) စောကျော်နိုင်ဝင်းတို့ သုံးဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)တို့ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ၎င်းတို့ သုံးဦးကို ပဲခူးတိုင်းအစိုးရ၏ တာဝန်ပေးချက်အရ ဒုရဲမှူး ကျော်လွင်မိုးမှ တရားလိုပြုလုပ်ပြီး အမှတ် ၃ ရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ တရားစွဲဆိုခြင်း ခံထားရသူ သုံးဦးအနက် ကိုလေးနိုင် နှင့် ကိုကျော်နိုင်ဝင်း(ခ) စောကျော်နိုင်ဝင်းသည် မေလအတွင်း၌ပင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။

[ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ကျောင်းသားများ ထောင်ဒဏ်ချမှတ်ခြင်းခံရ]

ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း မန္တလေးမြို့၌ ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ၏ ဗဟိုအမှုဆောင်အဖွဲ့မှ ရုံးအဖွဲ့မှူး ကိုကျော်သီဟရဲကျော် နှင့် သက်မွေးပညာရပ်ဆိုင်ရာ အတွင်းရေးမှူး ကိုစိုးလှနိုင်တို့သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)(ခ) စွဲချက် ငါးခုဖြင့် ထောင်ဒဏ် စုစုပေါင်း ခုနှစ် နှစ်ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း သိရှိရသည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်တရားရုံးမှ ၎င်းတို့ နှစ်ဦးကို ထောင်ဒဏ် နှစ်နှစ် တစ်ပေါင်းတည်း ကျခံစေရန် လည်းကောင်း၊ အောက်တိုဘာလ ၆ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်တရားရုံးမှ ထောင်ဒဏ် တစ်နှစ် တစ်ပေါင်းတည်း ကျခံစေရန်လည်းကောင်း၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ချမ်းအေးသာဇံမြို့နယ်တရားရုံးမှ ထောင်ဒဏ် နှစ်နှစ် တစ်ပေါင်းတည်းကျခံစေရန်လည်းကောင်း၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် အမရပူရမြို့နယ် တရားရုံးမှ ထောင်ဒဏ် တစ်နှစ် တစ်ပေါင်းတည်းကျခံစေရန်လည်းကောင်း အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့ပြင် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်တရားရုံးမှ ကိုကျော်သီဟရဲကျော်၊ ကိုစိုးလှနိုင် နှင့် ကိုရဲရင့်အောင် တို့ကို ငြိမ်းချမ်းစွာစုဝေးခွင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် တစ်လ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုအမှုအတွက် ရဲမှူး ဇော်မိုးအောင်မှ တရားလိုပြုလုပ်၍ ၎င်းတို့ သုံးဦးကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။
၎င်းပြင် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်တရားရုံးမှ ကိုကျော်သီဟရဲကျော်၊ ကိုစိုးလှနိုင် နှင့် ကိုရဲရင့်အောင် တို့အပါအဝင် ဗကသကျောင်းသား ကိုးဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် တစ်နှစ်စီ၊ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်တစ်လစီ ကျခံစေရန် ပြစ်ဒဏ် ချမှတ်ခဲ့သည်။

[ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့သည့် ကျောင်းသား တစ်ဦးကို ထောင်ဒဏ်ချမှတ်]

အောက်တိုဘာလ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်တရားရုံးမှ ရတနာပုံကျောင်းသားများ သမဂ္ဂမှ ကိုရဲရင့်အောင်ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် ထောင်ဒဏ် တစ်နှစ် ချမှတ်ခဲ့သည်။ ကိုရဲရင့်အောင် အပါအဝင် ဗကသအဖွဲ့ဝင် ၁၃ ဦးသည် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြ သည့်အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် ချမ်းအေးသာဇံ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းကိုခံခဲ့ရပြီးဖြစ်သည်။

[ရက္ခိုင့်တပ်တော် (AA) ကို သတင်းပို့သည်ဟု စွပ်စွဲခြင်းခံထားရသော ရဲတပ်သားကို ထောင်ဒဏ် သုံးနှစ်ချမှတ်]

စက်တင်ဘာလ ၉ ရက်နေ့တွင် ရဲတရားရုံးမှ ရက္ခိုင့်တပ်တော်(AA)ကို သတင်းပို့သည်ဟု စွပ်စွဲခြင်းခံထားရသော ရဲတပ်သား ကိုရဲကိုနိုင်ကို ထောင်ဒဏ် သုံးနှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ကိုရဲကိုနိုင်အား စက်တင်ဘာလ ၉ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း ၎င်းတို့ အောက်တိုဘာလ ၁၈ ရက်နေ့မှ သိရှိရကြောင်း၊ ထိုကဲ့သို့ ထောင်ဒဏ်ချမှတ်ခဲ့ သည့်အပေါ် ပွင့်လင်းမြင်သာမှုရှိရန်လိုကြောင်း ၎င်း၏အစ်မဖြစ်သူ မခင်မီမီအောင်မှ ပြောကြားခဲ့သည်။ ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းဆရာတော် ဦးတေဇောဘာသမှလည်း ကိုရဲကိုနိုင်၏ အမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေကိုပင် အသိပေးခြင်းမရှိဘဲ ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရဲတပ်သား ကိုရဲကိုနိုင်သည် ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းကျေးရွာဇာတိဖြစ်ပြီး ကျောက်ဖြူမြို့နယ်၊ စနဲရဲစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် AA အား သတင်းပေးပို့သည်ဟုစွပ်စွဲခြင်းခံရကာ ဖွန်လ ၂၈ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ကျောက်ဖြူ အခြေစိုက် အမှတ် ၃၄ ခြေမြန်တပ်ရင်းမှ ဗိုလ်အောင်ဖြိုးဦးမှ တရားလိုပြုလုပ်၍ ကိုရဲကိုနိုင်အား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် တရားစွဲဆိုခဲ့သည်။

[ကရင်အမျိုးသားပါတီ၏ မဲဆွယ်မိန့်ခွန်းပါ အချက်အချို့ကို ဆင်ဆာ ဖြတ်တောက်]

နိုင်ငံပိုင်ရုပ်သံတွင် ဟောပြောမည့် ကရင်အမျိုးသားပါတီ(KNP)၏ မဲဆွယ်မိန့်ခွန်းပါ အချက်အချို့ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ဆင်ဆာဖြတ်တောက်ခဲ့ကြောင်းသိရှိရသည်။ ပါတီမဲဆွယ်မိန့်ခွန်းပါ အချက်အချို့ ဖြတ်တောက်

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

ခြင်းခံခဲ့ရသည့်တိုင် လူထုထံ ပါတီမူဝါဒ သတင်းစကားပါးလို၍ နိုင်ငံပိုင်ရုပ်သံတွင် ဟောပြောမှု အစီအစဉ်၌ ပါဝင်ခဲ့ကြောင်း ကရင်အမျိုးသားပါတီ (KNP) ပါတီ၏ ဒုတိယဥက္ကဋ္ဌ (၁) မန်းထိန်ဝင်းစိန်မှ ပြောကြားခဲ့သည်။

[ပျောက်ဆုံးနေသော အရပ်သားများကို ဖမ်းဆီးထားခြင်းမရှိဟု AA ငြင်းဆို]

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်တွင်း ပျောက်ဆုံးနေသည့် အရပ်သားများကို ဖမ်းဆီးထိန်းသိမ်းထားခြင်း မရှိဟု ရက္ခိုင့်တပ်တော်(AA) မှ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ချက်ထုတ်ပြန်ကာ ငြင်းဆိုခဲ့သည်။ ထုတ်ပြန်ချက်ကို “ပလက်ဝဒေသနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်နှင့် အခြေအနေမှန်များကို ရှင်းလင်းချက်” ဟု ခေါင်းစဉ် တပ်ထားပြီး ထုတ်ပြန်ချက်အတွင်းတွင် ပလက်ဝမှ ပျောက်ဆုံးနေသူများ ၎င်းတို့ထံ၌ မရှိကြောင်း ထည့်သွင်း ဖော်ပြထားသည်။ ထို့ပြင် ပျောက်ဆုံးနေသူများ၏ အသက်ရှင်သန်မှုနှင့် ကံကြမ္မာကို မိမိတို့ အဖွဲ့အစည်းမှ အထူး စိုးရိမ်မကင်း ဖြစ်မိပါသည်ဟုလည်း ထုတ်ပြန်ချက်တွင် ထည့်သွင်း ဖော်ပြထားသည်။ ပလက်ဝမြို့နယ်တွင် တပ်မတော်နှင့် AA တို့၏ လက်နက်ကိုင်ပဋိပက္ခ များ ကြား ၂၀၁၈ ခုနှစ်မှ ယနေ့ထိ ပျောက်ဆုံးနေသည့် ချင်းအမျိုးသား ၁၇ ဦးရှိပြီး ပျောက်ဆုံးနေသူအချို့၏ မိသားစုဝင်များမှာ AA မှ ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု ပြောဆိုနေကြသည်။

## AA အတွက် ရိက္ခာပေးပို့နေသည်ဟု စွပ်စွဲချက်လာသောကြောင့် မြောက်ဦးမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦး တိမ်းရှောင်နေရ

ရက္ခိုင့်တပ်တော် (AA) အတွက် ရိက္ခာများပေးပို့နေသည်ဟု ဖုန်းဖြင့်ပြောဆို စွပ်စွဲလာသောကြောင့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ အောင်တပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှမောင်ရွှေသည် တိမ်းရှောင်နေရကြောင်း သိရှိရသည်။ မြောက်ဦး အခြေစိုက် တပ်ရင်း ၃၇၇ မှ ဗိုလ်ကြီးတစ်ဦးမှ ဦးလှမောင်ရွှေအား AA အတွက် ထောက်ပံ့ကြေးများ ကောက်ခံနေပြီး ရိက္ခာ ပေးပို့နေကြောင်း စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖုန်းဖြင့်ပြောဆို ခြိမ်းခြောက်လာသည့်အတွက် ထွက်ပြေးနေရသည်ဟု ဦးလှမောင်ရွှေမှ ဆိုသည်။ ၎င်းသည် AA အတွက် ရိက္ခာထောက်ပံ့ခြင်း၊ ရိက္ခာကောက်ခံခြင်းတို့ မပြုလုပ်ကြောင်း ပြောကြားခဲ့သည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင်လည်း ထပ်မံ၍ဖုန်းဖြင့်ပြောဆိုလာ၍ ၎င်း၏မိသားစုဝင်များပါ စိုးရိမ် ကြောက်လန့်၍ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဦးလှမောင်ရွှေမှ ဆက်၍ပြောကြားခဲ့သည်။

## တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးသွားခဲ့သည့် ကျောက်တော်မြို့နယ်မှ သက်ကြီးပိုင်းရွာသား သုံးဦး ပြန်လည်လွတ်မြောက်လာ

တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သာစည်ကျေးရွာမှ သက်ကြီးပိုင်း ရွာသား သုံးဦးသည် အောက်တိုဘာလ ၃ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်းသိရှိရသည်။ အဆိုပါ ရွာသား သုံးဦးမှာ ဦးမောင်အေးချမ်း၊ ဦးမောင်လှဖေ၊ ဦးမောင်ကျော်သာ တို့ဖြစ်ကြပြီး အောက်တိုဘာလ ၂ ရက်နေ့ တွင် ၎င်းတို့ကို ရွာအတွင်းသို့ ဝင်ရောက်လာသော တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

## အချုပ်သားများ လွတ်လပ်စွာမဲပေးခွင့်ရရှိရေး အကျဉ်းထောင်တာဝန်ရှိသူများကို ညွှန်ကြားထားဟု ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ပြောကြား

အချုပ်သားများ လွတ်လပ်စွာမဲပေးခွင့်ရရှိရေး အကျဉ်းထောင်တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူး ဦးသူရိန်ထွဋ်မှ ပြောကြားခဲ့သည်။ ယခုနှစ် ရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ်တွင် မဲပေးခွင့်ရှိသူ အချုပ်သား ၂၈၄ ဦး ရှိပြီး ထိုအချုပ်သားများအနေဖြင့် ခြိမ်းခြောက်မှု၊ သြဇာလွှမ်းမိုးမှုမရှိ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် စီမံခန့်ခွဲရန် အကျဉ်းထောင်တာဝန်ရှိသူများကို ညွှန်ကြားထားခြင်းဖြစ်ကြောင်း ၎င်းမှ ဆိုသည်။ ရခိုင်ပြည်နယ်တွင် မဲပေးခွင့်ရှိသည့်အချုပ်သားများမှာ စစ်တွေတွင် ၆၂ ဦး၊ မြောက်ဦးတွင် ၂၈ ဦး၊ မြေပုံတွင် ၁၄ ဦး၊ ကျောက်ဖြူတွင် ၆၃ ဦး ၊ သံတွဲတွင် ၂၉ ဦးနှင့် မောင်တောတွင် ၁၈ ဦးအပါအဝင် တခြားသောမြို့နယ်များတွင် အနည်းငယ်ရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရှိရသည်။

## ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်၏ ဆင်ဆာဖြတ်တောက်မှုကြောင့် နိုင်ငံပိုင်မီဒီယာတွင် ပါဝင်ဟောပြောခြင်း မပြုတော့ကြောင်း CNLD ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆင်ဆာဖြတ်တောက်မှုကြောင့် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်တို့ တွင် ပါဝင်ဟောပြောခြင်းမပြုတော့ကြောင်း ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(CNLD) မှ အောက်တိုဘာလ ၃ ရက်နေ့ တွင် ထုတ်ပြန်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တည်းဖြတ်ပြင်ဆင်ပယ်ဖျက်ထားသည့် ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(CNLD)၏ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ်များကို နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်တို့တွင် ထုတ်လွှင့်ရမည်မှာ အနှစ်သာရမရှိသော ဟန်ပြဟောပြောထုတ်လွှင့်မှုသက်သက်သာ ဖြစ်နေသည့်အပြင် ဒီမိုကရေစီစံနှုန်းနှင့်လည်း လုံးဝဆန့်ကျင်နေကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်ကို လုံးဝရှုတ်ချကြောင်း CNLD ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## တိုက်ပွဲဖြစ်ပွားသောကြောင့် လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အရပ်သား ၁၅ ဦးအနက် မူစလင်လူငယ် နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာ ပြင်းထန်စွာ ရရှိ

အောက်တိုဘာလ ၅ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စံညွှင်းဝေကျေးရွာ အုပ်စုရှိ ဝါရိုလ္လာကျေးရွာ၊ ကြက်မောက်တောင်ကျေးရွာနှင့် ပြင်ရှည်အရှေ့ကျေးရွာတို့မှ ရွာသား ၁၅ ဦးကို လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားချိန်တွင် တိုက်ပွဲဖြစ်ပွားသောကြောင့် မူစလင်လူငယ် နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာပြင်းထန်စွာ

ရရှိခဲ့သည်။ တိုက်ပွဲအတွင်း ကျည်ထိဒဏ်ရာရရှိသူ တစ်ဦးမှာ ကာလာဖူတီယာဖြစ်ပြီး အသက်အန္တရာယ် စိုးရိမ်ရသည်ဟု သိရှိရသည်။ သေဆုံးသူ နှစ်ဦးမှာ အသက် ၁၂ နှစ်အရွယ် အာယာတုလ္လာ နှင့် အသက် ၁၀ နှစ်အရွယ် အာနိုဝါရ်ဟူဆောန်တို့ ဖြစ်ကြသည်။

## အချိန်မီဆေးကုသခွင့်မရှိသောကြောင့် အမ်းမြို့နယ်မှ ကျည်စထိမှန်ဒဏ်ရာရရှိသည့် ငါးဖမ်းသမားနှစ်ဦးအနက် တစ်ဦး သေဆုံး

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဒါးလက်ရွာဟောင်းမှ လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာရရှိခဲ့သည့် ငါးဖမ်းသမားနှစ်ဦးအနက် တစ်ဦးမှာ အချိန်မီဆေးကုသခွင့်မရှိသောကြောင့် တစ်ရက်အကြာ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ၎င်း၏ ရွာ၌ သေဆုံးသွားခဲ့သည်ဟု သိရှိရသည်။ သေဆုံးသွားသူမှာ ဦးစိန်ဝင်းမောင်ဖြစ်သည်။ ဒဏ်ရာရရှိသူမှာ ဦးသိန်းမြင့် ဖြစ်ပြီး ၎င်းမှာ ညာခြေသလုံးအောက်ပိုင်း ဖြတ်ရမည့် အခြေအနေသို့ ရောက်နေကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ အောက်တိုဘာလ ၁၀ ရက်နေ့တွင် တပ်မတော်မှလုံခြုံရေးယူထားသည့် ဂြိတ်ချောင်းနှင့် ကဇူးကိုင်းအနီး တောင်တန်းများ ဘက်မှလာသည့် လက်နက်ကြီးကျည်မှာ ၎င်းတို့၏ ငါးဖမ်းစက်လှေပေါ်ကို ကျရောက် ပေါက်ကွဲခဲ့၍ ၎င်းတို့နှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံများမှဆိုသည်။ လမ်းခရီးဖြတ်သန်းသွားလာခွင့် မရရှိသဖြင့် မြို့ပေါ်ဆေးရုံသို့ ဆေးကုသရန် သွားရောက်ခွင့်မရှိခဲ့ကြောင်း အမ်းမြို့နယ်တွင် လူမှုရေးလုပ်ငန်းများ လုပ်ဆောင်နေသူ ကိုမျိုးလွင်မှ ပြောကြားခဲ့သည်။

## တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ပလက်ဝ ဒေသခံလေးဦး ပြန်လည် လွတ်မြောက်

တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ချင်းပြည်နယ်၊ ပလက်ဝမြို့၊ မြို့မရပ်ကွက်မှ ဒေသခံ လေးဦးသည် အောက်တိုဘာလ ၁၄ ရက်နေ့ ညနေပိုင်းအချိန်တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသူများမှာ ဦးမောင်ဝင်း၊ ဦးဇော်ဇော်ဦး၊ ကိုဇင်မင်းဖြိုး နှင့် ကိုနေဇော်ထက် တို့ဖြစ်ကြသည်။ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ၎င်းတို့လေးဦးသည် ပလက်ဝမြို့နယ်၊ ရေတံခွန်ကျေးရွာဘက်၌ စားသောက်ကုန်ပစ္စည်းများ သယ်ယူရန် အငှားလိုက်စဉ် တပ်မတော်စစ်ကြောင်းတစ်ခုနှင့်တွေ့၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အောက်တိုဘာလ ၁၃ ရက်နေ့ ညအချိန်တွင် ဖမ်းဆီးခံရသူ လေးဦးကို ပလက်ဝမြို့မရဲစခန်းသို့ ပို့ဆောင်ခဲ့သည်။ အောက်တိုဘာလ ၁၄ ရက်နေ့ နံနက်ပိုင်း အချိန်တွင် ၎င်းတို့ကို ပလက်ဝမြို့ရှိ အမှတ် (၂၈၉) ခလရတပ်ရင်းကို ခေါ်ဆောင်၍ စစ်ဆေးမေးမြန်းကာ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

## ကျောက်တော်မြို့နယ်မှ ရွာသား ခြောက်ဆယ်ကျော် တပ်မတော်စစ်ကြောင်းတစ်ခု၏ တစ်ရက်ကြာ ထိန်းသိမ်းခြင်းခံရပြီးနောက် ပြန်လည် လွတ်မြောက်လာ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရုပ်သားကျေးရွာမှ ရွာသား ၆၀ ကျော်သည် တပ်မတော်စစ်ကြောင်းတစ်ခု၏ တစ်ရက်ကြာ ထိန်းသိမ်းခြင်းကို ခံခဲ့ရပြီးနောက် အောက်တိုဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက် ၆ နာရီအချိန်တွင် အင်အား ၁၀၀ ခန့်ရှိသည့် တပ်မတော်စစ်ကြောင်းတစ်ခုသည် ရုပ်သားကျေးရွာအတွင်းကို သေနတ်ပစ်ဖောက်၍ ဝင်ရောက်လာခဲ့ပြီး ၎င်းတို့ဝင်ရာ လမ်းတစ်လျှောက်တွင်ရှိသည့် ကျေးရွာသားများအား ဖမ်းဆီးကာ ရွာရှိ စာသင်ကျောင်းတွင် စု၍ စစ်ဆေးခဲ့သည်ဟု ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည့် ရွာသားတစ်ဦးဖြစ်သူ ဦးမောင်သန်းနုမှ ပြောကြားခဲ့သည်။ အမျိုးသမီး၊ အမျိုးသား၊ မိဘများနှင့်အတူပါသွားသည့် ကလေးများ စုစုပေါင်း ၁၂၀ ခန့်ရှိပြီး လက်ကိုင်ဖုန်းများကို စစ်ဆေးခဲ့ပြီးနောက် အမျိုးသမီးများနှင့် ၎င်းတို့နှင့်အတူပါသွားသည့် ကလေးများကို လွှတ်ပေးခဲ့ကာ အုပ်ချုပ်ရေးမှူးအပါအဝင် ရွာသား ၆၃ ဦးကို ဆက်လက် ဖမ်းဆီး ထိန်းသိမ်းထားခဲ့သည်။ ထို့နောက် အောက်တိုဘာလ ၁၈ ရက်နေ့ နံနက်တွင် ၎င်းတို့ကို ပြန်လည် လွှတ်ပေးခဲ့သည်။ သို့သော်လည်း ရွာသားတစ်ဦးဖြစ်သူ ဦးမောင်ကျော်သန်းသည် နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ၎င်း၏ မိသားစုဝင်များမှ စိုးရိမ်လျက်ရှိသည်။ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းထွန်းဝင်းမှ ဦးမောင်ကျော်သန်းအား တပ်မတော် စစ်ကြောင်းမှ ခေါ်ဆောင်သွားသည်ဟု သိရှိရကြောင်း ပြောကြားခဲ့သည်။

ရွာသားများကို စစ်ဆေးစဉ်အတွင်း ရက္ခိုင့်တပ်တော် (AA)နှင့်ပတ်သက်၍ အဓိက စစ်ဆေးမေးမြန်းသည်ဟု သိရှိရသည်။

## ရခိုင်ပြည်နယ်ရှိ မြို့နယ်ကိုးခုအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးခြောက်ခုရှိ နယ်မြေအချို့တွင် ရွေးကောက်ပွဲကျင်းပခြင်းမပြုသည့်အပေါ် တိုင်းရင်းသားပါတီများ အပြင်းအထန်ဝေဖန်

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အပါအဝင် ပြည်နယ်အချို့ရှိ မြို့နယ်အချို့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအချို့ကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်အဖြစ်မှ ပယ်ဖျက်မှုအပေါ် တိုင်းရင်းသားပါတီများမှ ပြင်းထန်စွာ ဝေဖန်လျက်ရှိသည်။ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အချို့တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိခြင်းကြောင့်ဟုဆိုကာ ရခိုင်ပြည်နယ်ရှိ မြို့နယ်ကိုးခု နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်ခြောက်ခုအထိ ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းခံခဲ့ရသည်။ ကော်မရှင်၏ ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်ရှိ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြား၊ မြေပုံနှင့် မြောက်ဦးမြို့နယ်တို့တွင် ရွေးကောက်ပွဲကျင်းပမည်မဟုတ်ဘဲ စစ်တွေ၊ တောင်ကုတ်၊ အမ်းနှင့် ကျောက်ဖြူမြို့နယ်များရှိ ရပ်ကွက်၊ အုပ်စု ၁၅၂ ခုတို့တွင်လည်း ရွေးကောက်ပွဲကျင်းပမည် မဟုတ်ဟု သိရှိရသည်။

ထို့ပြင် ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း (၉၄) အုပ်စုတွင်လည်း ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ငါးသောင်းကျော်သည် မဲပေးခွင့်ဆုံးရှုံးသွားမည်ဖြစ်ပြီး လူဦးရေ တစ်သောင်းနီးပါးသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်သည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD)၏ တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးစိုင်းကျော်ညွန့်မှ ကော်မရှင်၏ထုတ်ပြန်ချက်တွင် မဲဆန္ဒနယ်များပယ်ဖျက်သည့်အပေါ် လွတ်လပ်၍ မျှတသည့် ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိ၍ဟူ၍ အကြောင်းပြသော်လည်း မူဆယ်မြို့နယ်ရှိ တော်ရွက်ကျေးရွာအုပ်စု၊ လားရှိုးမြို့နယ်ရှိ မယ်ဟန်ကျေးရွာအုပ်စုနှင့် မိုင်းကိုင်မြို့နယ်တို့တွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိဟု ၎င်းမှ ဆိုသည်။

ထို့ပြင် ကချင်ပြည်နယ်တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည့် မြို့နယ် ၁၁ မြို့နယ်ရှိ ကျေးရွာအုပ်စုများသည် ယခင်ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်များဖြစ်သော်လည်း လက်ရှိတွင် အချို့သောမြို့နယ်များသည် ရွေးကောက်ပွဲကျင်းပနိုင်သည့် အနေအထားရှိကြောင်း၊ ယင်းမဲဆန္ဒနယ်အများစုသည် ဒေသခံပါတီ အားကောင်းသည့် မဲဆန္ဒနယ်များဖြစ်ကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီ ဒုတိယဥက္ကဋ္ဌ (၁) ကွမ်ဂေါင်အောင်ခမ်းမှ ပြောကြားခဲ့သည်။

ကရင်ပြည်နယ်ရှိ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ ဘားအံ၊ သံတောင်ကြီး၊ မြဝတီမြို့နယ်များရှိ ကျေးရွာအုပ်စုအချို့၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဘောနော်ခီးကျေးရွာအုပ်စု၊ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ် တို့ရှိ ကျေးရွာအုပ်စု ၄၂ စုတွင်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိကြောင်း ကော်မရှင်၏ အောက်တိုဘာ ၁၆ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

### ဗကသ ကျောင်းသားဟောင်းတစ်ဦးကို ဖမ်းဆီးစစ်ဆေးပြီးနောက် ပြန်လည် လွှတ်ပေး

အောက်တိုဘာလ ၁၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ ဗကသကျောင်းသားဟောင်း ကိုကောင်းဝဏ္ဏမင်းကိုသည် အလုပ်မှ ကွမ်းဝယ်ရန်သွားစဉ် အရပ်ဝတ်ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်လေးဦးမှ ၎င်းအားချုပ်၍ နောက်ပြန်လက်ထိတ်ခတ်ကာ ခေါင်းကို အဝတ်ဖြင့်စွတ်၍ ဖမ်းဆီး၊ခေါ်ဆောင်သွားခဲ့သည်။ ၎င်းအား အဆောက်အဦတစ်ခုအတွင်းကို ခေါ်ဆောင်သွားခဲ့ပြီး ရခိုင်အရေးနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာ၌ ပို့စ်တင်သည့်ကိစ္စ၊ စစ်တပ်အားပုတ်ခတ်သော စာသားများ ရေးတင်သည့်ကိစ္စတို့အပြင် ရခိုင်အရေးနှင့်ဆက်နွှယ်၍ မန္တလေး၌ ကျောင်းသားများ ဆန္ဒထုတ်ဖော်သောကြောင့် ကျောင်းသား ၁၃ ဦး တရားစွဲဆိုခြင်းခံထားရသည့်အနက် ကိုးဦးဖမ်းဆီးခြင်း ခံထားရပြီး ကျန်သည့် ကျောင်းသားလေးဦး လွတ်မြောက်လျက်ရှိသည်၊ အဆိုပါလွတ်မြောက်လျက်ရှိသည့် ကျောင်းသားလေးဦးအနက် ကိုဘုန်းမြင့်ကျော်နှင့် ကိုအောင်မျိုးကိုတို့အား ၎င်းမှ ဝှက်ထားသည်၊ သို့အတွက် ထိုကျောင်းသားနှစ်ဦး ရှိသည့်နေရာအား ပြောပြရမည်ဟုဆိုကာ မေးမြန်း စစ်ဆေးခဲ့သည်။ ထို့နောက် ၎င်းအား ခေါင်းစွပ်ပြန်လည်စွပ်ကာ ပို့ဆောင်ပေးခဲ့သည်။ ကိုကောင်းဝဏ္ဏမင်းကိုအား စစ်ဆေးမေးမြန်းသူသည် ဒုရဲအုပ်မြတ်ဆွေဖြစ်သည်ဟု ၎င်းမှ ပြောကြားခဲ့သည်။

### ပလက်ဝ ဒေသခံများထံမှ ဆန်ကို ရက္ခိုင့်တပ်တော် (AA) မှ ခြိမ်းခြောက်၍ ဈေးနှိမ်ဝယ်

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်တွင် တိုက်ပွဲများကြောင့် ဆန် ခက်ခက်ခဲခဲ ဝယ်ယူနေရသည့် ဒေသခံများထံမှ ရက္ခိုင့်တပ်တော် (AA) မှ ဈေးနှိမ်၍ ဆန်ဝယ်ယူခြင်း၊ အဓမ္မ ဆန်တောင်းခံခြင်းများ ပြုလုပ်နေသည်ဟု ချင်းလူ့အခွင့်အရေး အဖွဲ့ (CHRO) မှ ကြေညာချက် တစ်စောင် ထုတ်ပြန်၍ ဖော်ပြထားသည်။ CHRO မှ ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းလျန်မှ AA မှ ဆန် နှင့် ငွေကြေးများ ကောက်ခံနေသည်မှာ နှစ်နှစ်ရှိပြီဖြစ်ပြီး ပေးနိုင်ခြင်းမရှိသူများကို ဒဏ်ငွေရိုက်သည်ဟု သတင်းရထားကြောင်း ပြောကြားခဲ့သည်။

AA မှ ဆန် အဓမ္မတောင်းယူသည်ဟုဆိုကာ CHRO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည့် နေရာများမှာ ငရှားကျေးရွာ အုပ်စုအတွင်းရှိ ငရှား၊ ကြောင်ချောင်း၊ ဘောင်ဝ၊ နှံ့ဘူးကြီးနှင့် နှံ့ဘူးငယ် ရွာများဖြစ်ကြပြီး လက်ရှိပေါက်ဈေး ဆန်တစ်အိတ် လျှင် ၇၅၀၀၀ ကျပ် ဝယ်ယူနေရသည်ကို ၄၀၀၀၀ ကျပ်ဖြင့်သာ ပေးချေသည်ဟု ဆလိုင်းလျန်မှ ဆိုသည်။ CHRO ၏ ထုတ်ပြန်ချက်တွင် AA မှ ရွာသားများထံမှ ဈေးနှိမ်ပြီး ဆန်ဝယ်သည့်အပြင် ဆန်တစ်တင်းတစ်အိတ်လျှင် ကျပ်နှစ်ထောင်ဖြင့် ထမ်းပြီး AA တပ်ဖွဲ့ဝင်များ စခန်းချသည့်နေရာသို့ ပို့ခိုင်းသည်ဟုလည်း ဖော်ပြထားသည်။ CHRO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည့်ဖြစ်စဉ်သည် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။ ဖြစ်စဉ်မှာ တစ်လကျော် ကြာပြီဖြစ်သော်လည်း အောက်တိုဘာလ ၂၀ ရက်နေ့မှ ထုတ်ပြန်ရခြင်းမှာ ပလက်ဝမြို့နယ်သည် အင်တာနက်ဖြတ်တောက်ခြင်း ခံထားရပြီး လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲသဖြင့် မြေပြင်မှ သတင်းအချက်အလက်များ ရရှိသည်မှာ နောက်ကျပြီး ဖြစ်စဉ် မှန်မမှန်ကို ပြန်လည်အတည်ပြုနေရခြင်းကြောင့် ကြန့်ကြာသွားခြင်း ဖြစ်သည်ဟုလည်း ဆလိုင်းလျန်မှ ဆိုသည်။

ပလက်ဝမြို့ပေါ်တွင် ယနေ့အထိ ဆန်ဝယ်ယူရသည့် အခြေအနေမှာ ခက်ခဲနေဆဲဖြစ်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပို့သည့် ဆန်များကို တစ်ဆင့် ဝယ်ယူနေကြရသည်။

[TNP ပါတီ မဲဆွယ်စည်းရုံးရာ၌ RCSS/SSAအဖွဲ့၏ ခြိမ်းခြောက်မှုများကြောင့် အခက်အခဲရှိ]()

၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ရှမ်းပြည်နယ်တောင်ပိုင်း၌ မဲဆွယ်စည်းရုံးရာတွင် ရှမ်းပြည်ပြည်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)အဖွဲ့၏ ခြိမ်းခြောက်မှုများကြောင့် အခက်အခဲရှိနေသည်ဟု တအာင်း(ပလောင်) အမျိုးသားပါတီ(TNP)ဥက္ကဋ္ဌ မိုင်းနုပ်ဟန်မှ ပြောကြားခဲ့သည်။ RCSS/SSAမှ ရွာသားများနှင့် သူကြီးများကို TNP မလာစေရန်နှင့် မဲမထည့်ရန် ဖိအားများပေးကြောင်း၊ အကယ်၍ ပြောဆိုသည့်အတွင်း မပြုလုပ်လျှင် ၎င်းတို့အကြောင်း သိရမည်ဖြစ်ကြောင်း ပြောကြားထား၍ ရွာများ၌ မဲဆွယ်၍ မရပါဟု ၎င်းမှဆိုသည်။

[ဖမ်းဆီးခံ မြေပုံဒေသခံနှစ်ဦး တစ်နှစ်ခန့်ကြာသည့်တိုင် သတင်းအစအန ပျောက်နေဆဲ]()

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ယောချောင်း(ရွာသာယာ)ကျေးရွာမှ ညီအစ်ကိုနှစ်ဦးအား တပ်မတော်မှ ဖမ်းဆီးသွားသည်မှာ တစ်နှစ်ခန့်ကြာပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ သတင်းအစအန တစ်စုံတစ်ရာမရရှိသေးကြောင်း မိသားစုဝင်များမှ ပြောကြားခဲ့သည်။ ဖမ်းဆီးခြင်းခံထားရသည့် ညီအစ်ကိုနှစ်ဦးမှာ ကိုမောင်ဝင်းဌေးနှင့် ကိုမောင်ဌေးဝင်းတို့ ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးသည် ယောချောင်းအထက်ပိုင်းရှိ ကိုးချောင်းတွင် လယ်ယာလုပ်ကိုင်နေသူများဖြစ်ကြပြီး အောက်တိုဘာလ ၈ ရက်နေ့တွင် ကျွဲရှာရန်သွားစဉ် တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏မိခင် ဖြစ်သူ ဒေါ်စောမတင်မှဆိုသည်။

[ICRC ရိက္ခာတင် အငှားစက်လှေ ပစ်ခတ်ခြင်းခံခဲ့ရသည့်ရသည့်ကိစ္စနှင့်ပတ်သက်၍ စက်လှေအလုပ်သမားကို ရဲစခန်းတွင် ခေါ်ယူစစ်ဆေး]()

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မေယုမြစ်အတွင်း၌ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ ရိက္ခာတင် အငှားစက်လှေ ပစ်ခတ်ခြင်းခံခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ အသက်မသေဘဲ လွတ်မြောက်လာသော စက်လှေအလုပ်သမား ကိုကံအေးချမ်းကို စစ်တွေမြို့မရဲစခန်းမှ အောက်တိုဘာလ ၃၀ ရက်နေ့တွင် နေ့ခေါ်ယူစစ်ဆေးလျက်ရှိသည်။ ကိုကံအေးချမ်း သည် စစ်တွေမြို့မရဲစခန်းတွင် နံနက် ၁၀ နာရီအချိန်ကတည်းက စစ်ဆေးခံနေရခြင်းဖြစ်ပြီး ညနေ ၆ နာရီခွဲအချိန်အထိ ပြန်လည် ရောက်ရှိလာခြင်းမရှိပါဟု ၎င်း၏ မိသားစုမှ ပြောကြားခဲ့သည်။

[စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ရပ်ဆိုင်းကြောင်း တပ်မတော်ကြေညာ]()

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်မြှင့်လုပ်ဆောင်ရန်နှင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုဝင်ဘာလ ၁ ရက်နေ့ မှ ၃၀ ရက်နေ့အထိ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ထပ်မံရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၃၀ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ကြေညာခဲ့သည်။ ယခုကဲ့သို့ ထုတ်ပြန်ကြေညာသော်လည်း အကြမ်းဖက်အုပ်စုဟု တပ်မတော်မှ သတ်မှတ်ထားသည့်အဖွဲ့များ လှုပ်ရှားနေသည့် နယ်မြေများ ပါဝင်ခြင်းမရှိဟုလည်း ဖော်ပြထားသည်။

## နိုင်ငံရေးအကျဉ်းသားများ

### ဖမ်းဆီးခံရခြင်းများ

**တပ်မတော်စစ်ကြောင်းတစ်ခုမှ စစ်တွေမြို့နယ်မှ ရွာသားနှစ်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ နိုရဉ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ

**တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့မှ အရပ်သား သုံးဦးကို ဖမ်းဆီး၊ခေါ်ဆောင်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ နိုရဉ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG/မြန်မာ

**တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျေးရွာအတွင်းကိုဝင်ရောက်၍ အမ်းမြို့နယ်မှ ရွာသား ကိုးဦးအား ဖမ်းဆီးခေါ်ဆောင်**

## ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ၊ လစဉ်အစီရင်ခံစာ

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ နိရဥ္ဇရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ BNI
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ နိရဥ္ဇရာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ နိရဥ္ဇရာ/မြန်မာ

**တပ်မတော်စစ်ကြောင်းတစ်ခုမှ စစ်တွေမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုမှ သံဃာတော်တစ်ပါးနှင့် လူငယ် သုံးဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ နိရဥ္ဇရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ

**မြောက်ဦးတွင် FDA ဝန်ထမ်း တစ်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ

**ပလက်ဝမြို့တွင် တပ်မတော်သားများမှ ဒေသခံနှစ်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ BNI/မြန်မာ

**တပ်မတော်ယာဉ်မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် ကျောက်ဖြူမြို့နယ်မှ ဒေသခံနှစ်ဦး သံသယဖြင့် ဖမ်းဆီးခြင်းခံရ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ BNI/မြန်မာ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖမ်းဆီးမှုများ

**KNU မှ ရွာသား သုံးဦးကို မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးခေါ်ဆောင်သွား**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ BNI/မြန်မာ

**လက်နက်ကိုင်ဆောင်ထားသည့် လူတစ်စုမှ NLD လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးကို ဖမ်းဆီး ခေါ်ဆောင်သွား**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ နိရဥ္ဇရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ နိရဥ္ဇရာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ နိရဥ္ဇရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ 7 Day News/မြန်မာ

**ရက္ခိုင့်တပ်တော် (AA) မှ ပလက်ဝဒေသခံတစ်ဦးကို ဖမ်းဆီး**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ](#)

**လက်နက်ကိုင်အဖွဲ့တစ်ခုမှ ရသေ့တောင်မြို့မှ မြို့မိမြို့ဖ နှစ်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ လွတ်မြောက်မှုများ

**RCSS မှ ဖမ်းဆီးသွားခဲ့သည့် ပန်ပီးရွာသားနှစ်ဦး ပြန်လည်လွတ်မြောက်လာ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ 7 Day News/မြန်မာ

**အမည်မသိလက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော နမ့်ခမ်းမြို့မှ အမျိုးသမီးတစ်ဦး ပြန်လည်လွတ်မြောက်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ ရှမ်းသတင်းစဉ်/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ 7 Day News/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ ရှမ်းသတင်းစဉ်

**KIA မှ ဖမ်းဆီးသွားခဲ့သည့်  ရွာသား သုံးဦး ပြန်လည် လွတ်မြောက်လာ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ

**KNU မှ ဖမ်းဆီးသွားခဲ့သော  မူလတန်းကျောင်းအုပ်ဆရာတစ်ဦး ပြန်လည် လွတ်မြောက်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ မြန်မာတိုင်းမ်

## တရားစွဲဆိုခံရခြင်းများ

**မကွေးမြို့တွင် သတင်းထောက် ကိုးဦး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် အမှုဖွင့်ခြင်းခံရ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

**တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးထားသည့် တောင်ကုတ်ဒေသခံသုံးဦးအနက် တစ်ဦးကို အမှုဖွင့်၊ ကျန်နှစ်ဦးအား ပြန်လည် လွှတ်ပေး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ BNI/မြန်မာ

၂၀၂၀ ခုနှစ်၊ အောက်တိုဘာ၊ လစဉ်အစီရင်ခံစာ

[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ DMG/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ DMG](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ နိရဉ္စရာ/မြန်မာ](#)

**စစ်တွေမြို့နယ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ DMG/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ BNI/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ DMG](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ DMG/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ VOM/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ DMG](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ BNI/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ BNI](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG](#)

**အသရေဖျက်မှုဖြင့် Mi Htaw Mon လူမှုကွန်ရက်စာမျက်နှာပိုင်ရှင်ကို အမှုဖွင့်**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ](#)

**စစ်တွေမြို့မှ ရှေ့နေဟောင်းတစ်ဦး ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲတင်ခြင်းခံရ**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ DMG/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ နိရဉ္စရာ](#)

**ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ကျောင်းသား ၁၃ ဦး ထပ်မံ တရားစွဲဆိုခြင်းခံရ**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ](#)
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI/မြန်မာ](#)

**တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ကျောက်ဂူစုကျေးရွာသားအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်**

[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ BNI/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ DMG/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ DMG]

**မင်းကင်းမြို့နယ်၌ ဒေသခံ ၂၁ ဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် အမှု ၁၂ မှု ဖွင့်ကာ တရားစွဲဆို**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ မြန်မာတိုင်းမ်/မြန်မာ]

**စစ်တွေမြို့၌ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့ကြသည့် ကျောင်းသား လေးဦး ဖမ်းဆီး၊ အမှုဖွင့်ခြင်းခံရ**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ နိရဉ္စရာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ နိရဉ္စရာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ 7 Day News/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ DMG/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ နိရဉ္စရာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ DMG]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ နိရဉ္စရာ]

**ကျောက်တော်မြို့နယ်၊ ရပ်သားကျေးရွာမှ ရွာသားတစ်ဦး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရ**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ နိရဉ္စရာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ နိရဉ္စရာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ DMG/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ DMG]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ နိရဉ္စရာ/မြန်မာ]

**ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်း ပြသခဲ့သည့် တပ်မိသားစုဝင် မိန်းကလေးတစ်ဦးအား ပုဒ်မ ၅၀၅ (ခ)ဖြင့် တပ်မတော်မှ တရားစွဲဆိုထား**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ မျိုးဗလ၏ လူမှုကွန်ရက်စာမျက်နှာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ သန်းထိုက်၏ လူမှုကွန်ရက်စာမျက်နှာ/မြန်မာ]

**ကျားနီပါတီ စည်းရုံးရေးမှူးတစ်ဦးကို ဖမ်းဆီးအမှုဖွင့်**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ Shan News/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ VOM/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ Shan News]

## တရားရင်ဆိုင်ရခြင်းများ

**AA အတွက် ရိက္ခာသိုလှောင်ထားသည်ဟု စွပ်စွဲခြင်းခံထားရသော ဆန်စက်ပိုင်ရှင်ကို တရားစွဲတင်**
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ DMG]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ BNI/မြန်မာ]
[၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ DMG/မြန်မာ]

**အမြောက်တပ်မှ တောင်သူ ၁၇ ဦးအပေါ် ထပ်တိုးပြစ်ဒဏ်ပေးရန် လျှောက်ထားမှု ပြည်နယ် တရားလွှတ်တော် ပလပ်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ

## ပြစ်ဒဏ်ချမှတ်ခံရခြင်းများ

**အလုပ်သမားအရေးလှုပ်ရှားသူ တစ်ဦး နှင့် ရှေ့နေ တစ်ဦး ထောင်ဒဏ် နှစ်နှစ်ချမှတ်ခြင်းခံရ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ VOM/မြန်မာ

**ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ကျောင်းသားများ ထောင်ဒဏ်ချမှတ်ခြင်းခံရ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ 7 Day News /မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ 7 Day News/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ VOM/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ VOM/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ Myanmar Now
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ VOM/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ 7 Day News/မြန်မာ

**ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့သည့် ကျောင်းသား တစ်ဦးကို ထောင်ဒဏ်ချမှတ်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ All Burma Federation of Student Unions – cec ၏ လူမှုကွန်ရက် စာမျက်နှာ/မြန်မာ

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI/မြန်မာ

**ရက္ခိုင့်တပ်တော် (AA) ကို သတင်းပို့သည်ဟု စွပ်စွဲခြင်းခံထားရသော ရဲတပ်သားကို ထောင်ဒဏ် သုံးနှစ်ချမှတ်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ BNI/မြန်မာ

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ကရင်အမျိုးသားပါတီ၏ မဲဆွယ်မိန့်ခွန်းပါ အချက်အချို့ကို ဆင်ဆာ ဖြတ်တောက်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ အီလဲဗင်း/မြန်မာ

**ပျောက်ဆုံးနေသော အရပ်သားများကို ဖမ်းဆီးထားခြင်းမရှိဟု AA ငြင်းဆို**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ ဧရာဝတီ/မြန်မာ

**AA အတွက် ရိက္ခာပေးပို့နေသည်ဟု စွပ်စွဲချက်လာသောကြောင့် မြောက်ဦးမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦး တိမ်းရှောင်နေရ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ DMG

**တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးသွားခဲ့သည့် ကျောက်တော်မြို့နယ်မှ သက်ကြီးပိုင်းရွာသား သုံးဦး ပြန်လည်လွတ်မြောက်လာ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ နိရဥ္စရာ/မြန်မာ

**အချုပ်သားများ လွတ်လပ်စွာမဲပေးခွင့်ရရှိရေး အကျဉ်းထောင်တာဝန်ရှိသူများကို ညွှန်ကြားထားဟု ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ပြောကြား**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ BNI

**ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်၏ ဆင်ဆာဖြတ်တောက်မှုကြောင့် နိုင်ငံပိုင်မီဒီယာတွင် ပါဝင်ဟောပြောခြင်း မပြုတော့ကြောင်း CNLD ထုတ်ပြန်**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ 7 Day News/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ BNI

**တိုက်ပွဲဖြစ်ပွားသောကြောင့် လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အရပ်သား ၁၅ ဦးအနက် မူစလင်လူငယ် နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာ ပြင်းထန်စွာ ရရှိ**

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ Myanmar Now/မြန်မာ


**အချိန်မီဆေးကုသခွင့်မရှိသောကြောင့် အမ်းမြို့နယ်မှ ကျည်စထိမှန်ဒဏ်ရာရရှိသည့် ငါးဖမ်းသမားနှစ်ဦးအနက် တစ်ဦး သေဆုံး**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ နိရဥ္စရာ


**တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ပလက်ဝ ဒေသခံလေးဦး ပြန်လည် လွတ်မြောက်**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၅  ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ DMG/မြန်မာ


**ကျောက်တော်မြို့နယ်မှ ရွာသား ခြောက်ဆယ်ကျော် တပ်မတော်စစ်ကြောင်းတစ်ခု၏ တစ်ရက်ကြာ ထိန်းသိမ်းခြင်းခံရပြီးနောက် ပြန်လည် လွတ်မြောက်လာ**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ DMG


**ရခိုင်ပြည်နယ်ရှိ မြို့နယ်ကိုးခုအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးခြောက်ခုရှိ နယ်မြေအချို့တွင် ရွေးကောက်ပွဲကျင်းပခြင်းမပြုသည့်အပေါ် တိုင်းရင်းသားပါတီများ အပြင်းအထန်ဝေဖန်**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၇  ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ VOM/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ BNI/မြန်မာ


**ဗကသ ကျောင်းသားဟောင်းတစ်ဦးကို  ဖမ်းဆီးစစ်ဆေးပြီးနောက် ပြန်လည် လွှတ်ပေး**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ MPA TV/မြန်မာ


**ပလက်ဝ ဒေသခံများထံမှ ဆန်ကို ရက္ခိုင့်တပ်တော် (AA) မှ ခြိမ်းခြောက်၍ ဈေးနှိမ်ဝယ်**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ


**TNP ပါတီ မဲဆွယ်စည်းရုံးရာ၌ RCSS/SSAအဖွဲ့၏ ခြိမ်းခြောက်မှုများကြောင့် အခက်အခဲရှိ**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ VOM/မြန်မာ


**တပ်မတော် တပ်ရင်း ၆၆ မှ ဖမ်းဆီးထားသော အမ်းဒေသခံ ၁၄ ဦး ကို ပြန်လည် လွှတ်ပေး**


၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ နိရဉ္စရာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ BNI

**ဖမ်းဆီးခံ မြေပုံဒေသခံနှစ်ဦး တစ်နှစ်ခန့်ကြာသည့်တိုင် သတင်းအစအန ပျောက်နေဆဲ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ DMG

**ICRC ရိက္ခာတင် အငှားစက်လှေ ပစ်ခတ်ခြင်းခံခဲ့ရသည့်ရသည့်ကိစ္စနှင့်ပတ်သက်၍ စက်လှေအလုပ်သမားကို ရဲစခန်းတွင် ခေါ်ယူစစ်ဆေး**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ

**စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ရပ်ဆိုင်းကြောင်း တပ်မတော်ကြေညာ**
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ ဗွီအိုအေ/မြန်မာ

## ဆက်သွယ်မေးမြန်းရန်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

| | |
|---|---|
| တိတ်နိုင် အတွင်းရေးမှူး | +၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈ |
| ဘိုကြည် တွဲဘက်အတွင်းရေးမှူး | +၉၅(၀) ၉၄၂ ၅၃၀ ၈၈၄၀ |
| အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ | +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈ |